# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၂၆ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၃၅)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏



## ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာ - ၃



## ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့် ပညာသင်ယူမှု အခွင့်အလမ်းတိုးမြှင့်ရေး၊ ပညာရေးအရည်အသွေးမြင့်မားရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ဆွေးနွေးတင်ပြခြင်းအခမ်းအနား ကျင်းပ

စာ - ၄

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) သတ်မှတ်နေရာအသီးသီး၌ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍ ဆွေးနွေးပွဲများကို ကျင်းပသည်။

နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးကျော်တင့်ဆွေနှင့် မွန်းလွဲပိုင်းတွင် ပဒိုစောကွယ်ထူးဝင်းတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ်

*စာမျက်နှာ ၆ ကော်လံ ၁* ❐



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဒုတိယနေ့သို့ တက်ရောက်လာကြသူများ လက်မှတ်ရေးထိုးစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့ တွေ့ဆုံမည်ဖြစ်ပြီး မြောက်ပိုင်းအဖွဲ့များ၏ နိုင်ငံရေးရပ်တည်ချက်စာအုပ်ကို ပေးအပ်မည်

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံမြောက်ပိုင်း အဖွဲ့ ခုနစ်ဖွဲ့ဖြစ်သည့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ/“ဝ” ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP / UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (NDAA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/ KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/ SSA)၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ ရက္ခိုင့်တပ်မတော် (AA) တို့နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မေ ၂၆ ရက်တွင် တွေ့ဆုံမည်ဖြစ်ပြီး မြောက်ပိုင်းအဖွဲ့များ၏ နိုင်ငံရေးရပ်တည်ချက်စာအုပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




# ယဉ်ကျေးမှုတရားထွန်းကားသည့် ငြိမ်းချမ်းရေးဆီသို့

လောကလူ့ရွာ၌ လူဟူ၍ဖြစ်ပေါ်လာပြီးနောက် လူမှုအဖွဲ့အစည်းတွင်းတွင် လူ့ယဉ်ကျေးမှု တစ်စတစ်စ တိုးတက်မြင့်မားလာခြင်းဖြင့် လူ့သမိုင်း၏ ဂုဏ်ရောင်ပြောင်လာခဲ့ရသည်။

လူတို့၏ နေထိုင်သွားလာစားသောက် စသည့် ဘဝရှင်သန်နေထိုင်သောပုံစံများ ပိုမိုကောင်းမွန် သက်သောင့်သက်သာရှိလာအောင် တီထွင်ဖန်တီးခြင်းဖြင့် တဖြည်းဖြည်း လူ့ဘောင်တိုးတက်ပြောင်းလဲလာသည်ကပင် လူ့ယဉ်ကျေးမှုသမိုင်းဖြစ်သလို ဘဝနေထိုင်နည်းတွင်သာမက လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံကြသည့်အခါများတွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို ချိုသာဖွယ်ရာအောင် ပြုပြင်လာကြခြင်းကလည်း လူမှုအဖွဲ့အစည်းရှိ ယဉ်ကျေးမှုတိုးတက်မြင့်မားလာမှု၏ ပြယုဂ်ဖြစ်ပါသည်။

လူမှုဆက်ဆံရေးဘဝတွင် ယဉ်ကျေးခြင်းဆိုသည်မှာ မိမိကြောင့် သူတစ်ပါး၏ ကိုယ်စိတ်နှစ်ပါးကို ထိခိုက်ဒဏ်ရာမရရလေအောင် သတိထားနေထိုင်ခြင်း ဖြစ်ပါ၏။

မိမိ၏ လုပ်ရပ်ကြောင့်ဖြစ်စေ၊ မိမိ၏ပြောဆိုမှုကြောင့်ဖြစ်စေ မိမိ၏ ကိုယ်နှုတ်နှလုံး အမူအရာတို့ကြောင့် အခြားသူများတွင် နာကျင်ထိခိုက်ရမှု၊ စိတ်အနှောင့်အယှက်ဖြစ်ရမှုတို့ကို ရှောင်ကြဉ်ခြင်းဟု ဆိုရပါမည်။

ဒါသည်ပင် လူမှုအဖွဲ့အစည်းတွင်းရှိ ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးလာခြင်း၏ အခြေခံဖြစ်ပါ၏။ လူအမျိုးမျိုး စိတ်အထွေထွေကြားတွင် တစ်ဦးနှင့်တစ်ဦး အလုံးစုံ သဘောထားချင်း တိုက်ဆိုင်ညီညွတ်သည်ဆိုသည်မှာ မရှိနိုင်။ မွေးဖွားကြီးပြင်းရာမိသားစု၊ ရေမြေသဘာဝ၊ စိတ်နေသဘောထား၊ အမြင်အတွေး၊ ရုပ်ရည်ရူပကာနှင့် ကံအကျိုးပေး အစစတူညီဖို့ဟူသည် မဖြစ်နိုင်။

သည်လို မတူညီမှုများ၊ သဘောထား မတိုက်ဆိုင်မှုများကြားမှာ သာယာသောလူ့ဘဝများအဖြစ် နေထိုင်သွားကြရန်မှာ တစ်ဦးနှင့်တစ်ဦးကြားရှိ ယဉ်ကျေးသော ဆက်ဆံမှုရှိမှသာ ဖြစ်နိုင်ပါမည်။ ယနေ့ကာလလို ကမ္ဘာကြီးကို အကြိမ်ကြိမ် ဖျက်ဆီးပစ်နိုင်သည့် အဏုမြူပုံးများ လက်ဝယ်ကိုင်ထားနိုင်သည့် လူမှုအဖွဲ့အစည်းတွင် အကြောင်းမတိုက်ဆိုင်တိုင်းတင်းပုတ်နှင့်ထုနေကြသည့် ကျောက်ခေတ်လူမှုအဖွဲ့အစည်းက သဘောထားများအတိုင်းသာဆိုလျှင် လောကသာယာငြိမ်းချမ်းမှု မည်သို့ရနိုင်ပါအံ့နည်း။

ရုန့်ရင်းကြမ်းတမ်းသော အပြောအဆိုများ၊ မတူညီမှုအပေါ် ရန်လိုမုန်းတီးသည့် သဘောထားများ၊ လူတစ်ဦးနှင့်တစ်ဦး ခက်ထန်ရက်စက်နာကျင်စေသော တုံ့ပြန်ထိုးနှက်မှုများ၊ အာဃာတများ၊ အမုန်းတရားများ၊ လက်စားချေလိုမှုများဖြင့် လောကငြိမ်းချမ်းမှု မရနိုင်သကဲ့သို့ ထိုသူတစ်ဦးချင်းအနေဖြင့်လည်း ပူလောင်မှုများနှင့်သာ ရှင်သန်နေရချေမည်။

အတိုချုပ်ဆိုရလျှင် အလိုရမ္မက်ကြီးမားမှု၊ ခက်ထန်ရန်လို တုံ့ပြန်မှု၊ အသိဉာဏ်ပညာလျော့နည်းမှုကြောင့် အမှန်ကိုမမြင်နိုင်မှု စသည့် လောဘ၊ ဒေါသ၊ မောဟ တရားများကို မီးထိုးလှုံ့ဆော်နေခြင်းသည် လူယဉ်ကျေးတို့၏ တရားမဟုတ်။ လောက ငြိမ်းချမ်းသာယာစေသော ဓမ္မမဟုတ်။

အယူအဆ မတူညီမှုများ၊ သဘောထားချင်း မတိုက်ဆိုင်မှုများကို အသိဉာဏ်ပညာ ဦးဆောင်၍ လောဘ၊ ဒေါသ၊ မောဟ လျော့နည်းပါးလျားအောင် စောင့်ထိန်းရင်း လူအချင်းချင်းစေ့စပ်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရယူခြင်းတို့ဖြင့် လောကအကျိုးဖြစ်ထွန်းကာ လောကလူ့ရွာ သာယာငြိမ်းချမ်းအောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။ ။




## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး) အောင်မြင်ရန် ဆုတောင်းပွဲ မြန်အောင်၌ကျင်းပ

**မြန်အောင် မေ ၂၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စေရန် ဆုတောင်းပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ် ၆ ရပ်ကွက် ရွှေဘုံသာဘုရားရင်ပြင်တွင် မေ ၂၅ ရက် နံနက်က ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုပြီး ဦးစံဝင်းအောင်နှင့် ဦးမြင့်ဆွေတို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်စေကြောင်း ဆုမွန်ကောင်းတောင်းခြင်းနှင့် ငြိမ်းချမ်းရေးရရှိခြင်း၏ အကျိုးရလဒ်များကို ရှင်းလင်းပြောကြားကြပြီး ဆုတောင်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသော သံဃာတော်ခြောက်ပါးနှင့် ရပ်ကွက်ကျေးရွာတို့မှ ပြည်သူ ၈၀ ကျော်တို့က တစ်မိနစ် ငြိမ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စေရန် ဆုတောင်းကြသည်။

ထို့နောက် အခမ်းအနားအား စစ်ပွဲများအလိုမရှိ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်မြင်ပါစေ၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းပါစေ စသည့် ကြွေးကြော်ကာ အခမ်းအနားအား အောင်မြင်စွာ ကျင်းပခဲ့ကြသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**



ငြိမ်းချမ်းရေးမြတ်နိုးသူများအဖွဲ့မှ ဦးကြည်လွင် ဦးဆောင်သည့်အဖွဲ့ဝင် ၃၀၀ သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို ကြိုဆိုထောက်ခံသည့်အနေဖြင့် သာစည်မြို့တွင်း စီတန်းလှည့်လည် ကြိုဆိုထောက်ခံပွဲကို မေ ၂၅ ရက်က ပြုလုပ်စဉ်

မောင်ကို (သာစည်)

## ကူမ ကယ်တင်တော်မူကြပါ

- သူ့တာ ကိုယ့်တာ၊ မခွဲပါနဲ့
  တိုင်းပြည်မျက်နှာသာ ကြည့်ကြပါ...။
- သူသာ ကိုယ်သာ၊ မတွက်ပါနဲ့
  တိုင်းပြည်မျက်နှာသာ ကြည့်ကြပါ...။
- ဘယ်မှ ဘယ်ဝါ၊ အပြစ်မဆိုပါ
  ဖြူခါပြာခါကျ၊ လူမမာ သမျှ
  (တိုင်းပြည်က) ချူချာလှပါပြီ...။
- ဘယ်သူနဲ့မှမဖြစ်
  ကိုယ့်အချင်းချင်းသာဖြစ်၊ ပြည်တွင်းစစ်
  အမြစ်ကတွန်းလှန်၊ ရပ်စဲရန်
  နိုင်ငံက တောင်းဆိုနေပါသည်...။
  ပြည်သူက တောင်းဆိုနေပါသည်...။
  သမိုင်းက တောင်းဆိုနေပါသည်...။
- ဘယ်သူမှမချစ်၊ ပြည်တွင်းစစ်
  ရပ်ပစ်ကြပါ၊ ရပ်ကြပါ...။
  နိုင်ငံနွံနစ်၊ ပြည်တွင်းစစ်
  ရပ်ပစ်ကြပါ၊ ရပ်ကြပါ...။
  ပြည်သူ့ဘဝညစ်၊ ပြည်တွင်းစစ်
  ရပ်ပစ်ကြပါ၊ ရပ်ကြပါ...။
- နိုင်ငံတကာ၊ မျက်နှာစာမှာ
  မြန်မာပြည်ဘဝ၊ အရင်လိုလှဖို့
  ဆန္ဒ ဝီရိယ၊ အတူမျှ၍
  ကူမကယ်တင်နိုင်စေသတည်း...။ ။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုလျက်**

**မင်းယဉ်စု**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၅-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၂ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၄၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၈ ·၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ·၉၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုဖြစ်စဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

“ဝ”ပြည်နယ် ပြင်ပဆက်ဆံရေးဌာနမှူး ကျောက်ကော့အန်းက “နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ မနက်ဖြန်တွေ့ဖို့တော့ရှိတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တွေ့ရင် ဘာပြောမလဲဆိုတာကို လောလောဆယ် တိုင်ပင်ဆွေးနွေးဖို့ ပြင်ဆင်ထားတာမရှိဘူး။ အခုတစ်ခေါက်ညီလာခံဟာ ချောမွေ့ကောင်းမွန်တယ်။ ကျွန်တော်တို့ ဖွဲ့ထားတဲ့ ကော်မတီမှာ နိုင်ငံရေးရပ်တည်ချက်ကို ရေးဆွဲထားတာရှိတယ်။ အဲ့ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စာအုပ်ထုတ်ထားတာ ဖြန့်ဝေပေးမယ်။ အချို့မီဒီယာတွေ အထင်လွဲနေတာရှိတယ်။ ကျွန်တော်တို့ ဖွဲ့ထားတဲ့ ကော်မတီဟာ အစိုးရကို တိုက်ခိုက်တယ်ဆိုတာ မဟုတ်ဘူး။ ကျွန်တော်တို့ ဖွဲ့တယ်ဆိုတာ ပြည်တွင်းရဲ့ ပြဿနာကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ဖို့ ဖွဲ့ထားတာပါ။ ဖွဲ့ထားတဲ့ ကော်မတီက နိုင်ငံရေးနဲ့ဆိုင်ပါတယ်”ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ကြည်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်လာသည့် မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့အား ယနေ့နံနက်ပိုင်းက သီးခြားစီ သွားရောက်တွေ့ဆုံခဲ့သည်။

ဒေါက်တာတင်မျိုးဝင်းက “အခု တစ်ဖွဲ့ချင်းစီကို ကျွန်တော်တို့ တွေ့ဆုံပါတယ်။ ကျေးဇူးတင်ကြောင်း ပြောတယ်။ မြောက်ပိုင်းအဖွဲ့တွေနဲ့က ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ချက်ချင်းတူတယ်။ အခု သူတို့ပေးတဲ့ အရာတွေအကုန်လုံး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆီ ကျွန်တော်တို့ တင်ပြပေးမယ်။ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ ဒေသခံပြည်သူတွေရဲ့ အကျိုးကို ဆောင်ရွက်မယ်။ အခု ကျွန်တော်တို့ မြင်ရတယ်။ တွေ့ဆုံခွင့်ရတယ်။ ယုံကြည်မှုတည်ဆောက်ဖို့အတွက် မျက်နှာချင်းဆိုင် စကားပြောတယ်။ ပုဂ္ဂိုလ်ရေးအရ လွတ်လွတ်လပ်လပ် တွေ့တာပါ။ တွေ့ဆုံမှုက တိုးတက်မှုရှိတယ်” ဟု မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။

မြောက်ပိုင်းအဖွဲ့များသည် စတုတ္ထအကြိမ် ပန်ခမ်းအစည်းအဝေးတွင် သဘောတူညီခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းနှင့် ၇၀ ရာခိုင်နှုန်းတူညီသော ယင်းတို့၏ နိုင်ငံရေးရပ်တည်ချက်စာအုပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။



ကျောက်ကော့အန်း



ဒေါက်တာတင်မျိုးဝင်း



ဦးသိန်းဇော်

“ကျွန်တော်တို့ မူကို လက်မခံရင်လည်း ဘာမှမပြောနိုင်ဘူး။ ဒါပေမယ့် ဆက်ပြီး ဆောင်ရွက်နိုင်အောင်၊ ထိုးဖောက်နိုင်အောင်၊ ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သွားမယ်။ တစ်နေ့နေ့မှာတော့ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းရေးရမယ်လို့ ယုံကြည်တယ်”ဟု ကျောက်ကော့အန်းက ပြောသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KIA မှ ဦးအန်ဘန်လနှင့် ဇနီးတို့ကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ၍ KIA ၊ SSPP ၊ UWSA ၊ NDAA တို့နှင့် တွေ့ဆုံမည်။ ယင်းနောက် AA၊ TNLA၊ MNDAA တို့နှင့် ဆက်လက်တွေ့ဆုံမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးထံမှ သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြောက်ပိုင်းအဖွဲ့များနှင့် တွေ့ဆုံမှုအပေါ် ဦးဇော်ဌေးက “တွေ့တဲ့အပိုင်းက နေပြည်တော်ကို မြောက်ပိုင်းအဖွဲ့တွေ ရောက်လာတယ်။ ညီလာခံတက်တယ်။ ညစာစားပွဲတက်တယ်။ နေပြည်တော် ရောက်လာတဲ့ မြောက်ပိုင်းအဖွဲ့တွေကို ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံခြင်းဖြစ်ပါတယ်” ဟု သတင်းမီဒီယာများအား ဖြေကြားခဲ့သည်။

မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့သည် မေ ၂၃ ရက်က နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ကျော်ဇေယျ**

## မိုးရာသီစိုက်ပျိုးစရိတ်များ စတင်ထုတ်ချေး

**ပေါက်ခေါင်း မေ ၂၅**

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာတောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၃ ရက် မွန်းလွဲပိုင်းက စတင်ထုတ်ချေးပေးလျက်ရှိပြီး ယင်းနေ့တွင် ကျေးရွာ နှစ်ရွာမှ တောင်သူများလက်ဝယ်သို့ ငွေကျပ်သိန်း ၄၀ ကျော် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုးပိုလာမည်

မနက်ဖြန်အတွက် မိုးလေဝသ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

# ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် ပညာသင်ယူမှုအခွင့်အလမ်းတိုးမြှင့်ရေး၊ ပညာရေးအရည်အသွေးမြင့်မားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ဆွေးနွေးတင်ပြခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်ခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)နှင့် ပညာသင်ယူမှုအခွင့်အလမ်းတိုးမြှင့်ရေး၊ ပညာရေးအရည်အသွေးမြင့်မားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ဆွေးနွေးတင်ပြခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပညာရေးဝန်ကြီးဌာန၏ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)နှင့် ပညာသင်ယူမှု အခွင့်အလမ်းတိုးမြှင့်ရေး၊ ပညာရေးအရည်အသွေးမြင့်မားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ဆွေးနွေးတင်ပြခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်



## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်မှုတွင် ကုလသမဂ္ဂက ဆက်လက်ပံ့ပိုးနိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ကုလသမဂ္ဂနိုင်ငံရေးရာဌာနမှ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Miroslav Jenca သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်မှုများတွင် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း နှစ်ဖက်လူ့အဖွဲ့အစည်း ရေရှည်သဟဇာတဖြစ်စွာ နေထိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နိုင်ငံတော်အစိုးရက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ဒုတိယအစည်းအဝေးကျင်းပနေမှုအခြေအနေများ၊ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO, INGOs နှင့် ပူးပေါင်း၍ ပိုမိုတိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးပြုစေမည့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် စင်ကာပူနိုင်ငံ ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ လီကွမ်ယုကျောင်း(LKY School) ၏ ပြင်ပရေးရာနှင့် ဈေးကွက်ရှာဖွေရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Dane Lim နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCC) ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လီကွမ်ယုကျောင်း(LKY School)၏ မဟာဘွဲ့နှင့် ပညာသင်ဆုဆိုင်ရာအစီအစဉ်များ၊ မြန်မာလွှတ်တော်များမှ ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သောအကူအညီ အထောက်အပံ့များပေးနိုင်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးပြုစေမည့် ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရည်မှန်းချက်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ညောင်ရွှေမြို့နယ်တွင် စတင်ထုတ်ချေး

**ညောင်ရွှေ မေ ၂၅**

ညောင်ရွှေမြို့နယ်အတွင်းရှိ တောင်သူများသို့ မိုးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို မေ ၂၃ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ညောင်ရွှေမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု ၁၀ အုပ်စု၊ အစုအဖွဲ့ ၅၅၈ ဖွဲ့၊ တောင်သူ ၁၅၇၆ဦးသို့ မိုးစပါး ဧက ၅၀၀၀၊ ပြောင်း ဧက ၁၀၀၀ ထုတ်ချေးရန်လျာထားကြောင်း၊ ယခင်နှစ်က တာဝန်ကျေပွန်သည့် ကျောက်တိုင်ကျေးရွာအုပ်စုနှင့် မိုင်းပျိုးကျေးရွာအုပ်စုမှ တောင်သူ ၁၄၄ ဦးသို့ မိုးစပါး ၅၃၁ဧက၊ ပြောင်းဧက ၁၅၀ အတွက် ချေးငွေကျပ်သိန်း ၆၄၄ ဒသမ ၅၀ သိန်းကို စတင်ထုတ် ချေးပေးခဲ့ကြောင်း မြို့နယ်မန်နေဂျာ ဦးမောင်အေးက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို စပါးတစ်ဧကအတွက် ငွေကျပ်တစ်သိန်းခွဲနှင့် ပြောင်းသီးနှံတစ်ဧကအတွက် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## ဖက်ဒရယ်ဆိုတဲ့စကားလုံးကို ဘာသာပြန်ဆိုရာမှာ အဓိပ္ပာယ်ကွဲပြားနေကြခြင်းက ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ အဟန့်အတားဖြစ်နေပါတယ်

**တွေ့ဆုံမေးမြန်း- သာစိန်၊ ဓာတ်ပုံ-ကျော်သဲအိမ်**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ယနေ့ ဆက်လက်ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) ဒုတိယနေ့တွင် တက်ရောက်လာသော နယ်ပယ်အသီးသီးမှ ထင်ရှား ကျော်ကြားသူများအား ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၎င်းတို့၏ အမြင်နှင့်မျှော်မှန်းချက်များကို တွေ့ဆုံမေးမြန်းထားပါသည်။

**ဦးမင်းကိုနိုင်**

ပြီးခဲ့တဲ့ ပထမအကြိမ် ပင်လုံငြိမ်းချမ်းရေးညီလာခံကတည်းက ကျွန်တော်ပြောခဲ့ဖူးတာရှိတယ်။ တိုင်းသူပြည်သားတွေရဲ့မျှော်လင့်ချက်က ဖိအားဖြစ်သွားလိမ့်မယ်၊ ဝန်ထုပ်ဝန်ပိုးဖြစ်သွားလိမ့်မယ်လို့ ပြောခဲ့ဖူးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက နှစ် ၅၀ ကျော်လောက် မမြင်ဖူးတဲ့မြင်ကွင်းကို မြင်တွေ့နေရတယ်။ တစ်ချိန်က သူသေကိုယ်သေ တိုက်ခဲ့တဲ့သူတွေ၊ သောင်းကျန်းသူလို့ သတင်းစာတွေမှာ အရေးခံခဲ့ရတဲ့သူတွေက အခုအချိန်မှာ တစ်စားပွဲတည်းထိုင်ပြီး လက်ဆွဲနှုတ်ဆက်နေကြတယ်။ ငြိမ်းချမ်းရေးဆွေးနွေးကြတယ်ဆိုတော့ လူတွေရဲ့အမြင်မှာ မျှော်လင့်ချက်ကိုပါ ကြီးမားစေခဲ့တယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ကျွန်တော်တို့က စကားလုံးကိုကအစ အငြင်းပွားနေရတုန်းရှိသေးတယ်။ ဖက်ဒရယ်ဆိုတဲ့ စကားလုံးကိုတောင် လက်ခံတာကခြင်းချက်တွေက ရှိနေတုန်းပဲ။ ဖက်ဒရယ်ဆိုတဲ့စကားလုံးကို ဘာသာပြန်တာတွေက ကွဲပြားတာရှိနေသေးတယ်။ အခုကျင်းပနေတဲ့ ဒုတိယအကြိမ် ပင်လုံငြိမ်းချမ်းရေးညီလာခံမှာ ဘာတွေကွဲပြားလာလဲဆိုတော့ ညှိရနိုင်းရတာတွေမှာ အခြေခံအချက်တွေတော့ ရထားပါပြီ။ ထပ်ပြီးညှိရမယ့်အပိုင်းတွေရှိပါသေးတယ်။ လူအများစု စိတ်ဝင်



ဦးမင်းကိုနိုင်



ဘာတေးလ်လင့်တနာ (ဆီွဒင်သတင်းစာဆရာ)

စားနေတဲ့အရာကို ကျွန်တော်လေ့လာကြည့်လိုက်တာ ဘယ်အချက်ကို တွေ့ရသလဲဆိုတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေတွေရေးဆွဲခွင့်၊ အဲဒါကတော့ လူတွေတော်တော်များများရဲ့ အာရုံစူးစိုက်မှုကို ခံရတယ်။ ကျွန်တော်က အဲဒီဟာကို အခွင့်အလမ်းတစ်ခုအနေနဲ့ သုံးချင်ပါတယ်။ အထူးသဖြင့် ပြည်နယ်တွေပေ့ါ၊ တိုင်းတွေမှာလည်း ဒီလိုပါပဲ။ သူတို့ရှိတဲ့ သယံဇာတတွေ၊ သူတို့ဖွံ့ဖြိုးရမယ့်ကိစ္စတွေမှာ သူတို့အားလုံးဟာ လောင်းရိပ်မိတယ်လို့ ခံစားနေရတယ်။ အဲဒါကို ကျွန်တော်တို့က ဖြေလျှော့ပေးနိုင်ရမယ်။ ဗဟိုခေါ်ခေါ် ပြည်မခေါ်ခေါ် လောင်းရိပ်မမိုးထားဘဲ သူတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ခွင့်ပြုတယ်ဆိုတာ ပြနိုင်ရမယ်။ တခြားဟာတွေလည်း အရေးကြီးပေမယ့် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခွင့်ဟာလည်း တော်တော်အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကို တိုင်းရင်းသားတွေ၊ တိုင်းဒေသကြီးမှာ နေထိုင်တဲ့ ပြည်သူတွေက နှစ်ခြိုက်သဘောကျရင် တော်တော်ထွက်ပေါက်ရမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဖြောင့်မတ်ရိုးသားကြမယ်ဆိုရင် ငြိမ်းချမ်းရေးရရှိဖို့ ဘာမှမကြာပါဘူး။ အားလုံးက ကိုယ့်အကျိုးစီးပွားအတွက်ပဲ စဉ်းစားကြမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးကို ဘယ်လိုမှရနိုင်မှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးလို့ ပြောတဲ့နေရာမှာ ဘယ်လိုဘာသာပြန်လဲဆိုတာ ကျွန်တော်သိပ်သိချင်ပါတယ်။ ကိုယ့်တစ်ယောက်တည်းအတွက် ငြိမ်းချမ်းရေးလား၊ ကိုယ့်မိသားစုအတွက် ဒါမှမဟုတ် ကိုယ့်ဆွေမျိုးအတွက် ငြိမ်းချမ်းရေးလား၊ ကိုယ့်ဒေသအတွက် ငြိမ်းချမ်းရေးလား၊ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ငြိမ်းချမ်းရေးလား၊ အဲဒါကအစ ဘာသာပြန်တာ တူကြလို့လား။ ဒါလေးလည်း ထည့်တွေးစေချင်ပါတယ်။

**ဘာတေးလ်လင့်တနာ(ဆီွဒင်သတင်းစာဆရာ)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်လုပ်ဆောင်ရာမှာ အလွန်အရေးပါတဲ့ အစည်းအဝေးတွေအနက် တစ်ခုဖြစ်ပါတယ်။ အစည်းအဝေးရဲ့ အဓိကရည်ရွယ်ချက်ကတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံး ထိတွေ့ကြပြီး ငြိမ်းချမ်းရေးနဲ့ ဆိုင်တဲ့ဆွေးနွေးပွဲအဖြေတစ်ခု ထွက်လာဖို့ဖြစ်ပါတယ်။ လက်ရှိအစိုးရ လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က တိုးတက်မှုရရှိနေပါတယ်။ အဓိကပြဿနာကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်နေတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကြား နားလည်မှု

*စာမျက်နှာ ၆ သို့*

# မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် သုံးသပ်ရှုမြင်မှုများ ဆွေးနွေး

နေပြည်တော်  မေ  ၂၅

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျာမနီနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန လွှတ်တော်ဆိုင်ရာ ဒုတိယဝန်ကြီးနှင့် လွှတ်တော်အမတ် Dr. Ralf Brauksiepe အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက်သာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများတွင် မှန်ကန်စွာရပ်တည် လုပ်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဧည့်သည်တော် ဒုတိယဝန်ကြီးက မြန်မာ့တပ်မတော်ကို တောင့်တင်းခိုင်မာပြီး နိုင်ငံပြုပြင်ပြောင်းလဲမှုများ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက်အောင်မြင်အောင် လုပ်ဆောင်နိုင်သည့် တပ်မတော်တစ်ရပ်ဖြစ် စေရေး ကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားပြီး နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှု မြှင့်တင်ရေး၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ တွေ့ဆုံဆွေးနွေးပွဲများအပါအဝင် လက်တွေ့ကျကျ လုပ်ဆောင်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E.Mr. Ehsan Ullah Batth အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲ ၁ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သံအမတ်ကြီး၏ တာဝန်ထမ်းဆောင်မှုကာလအတွင်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးတက်လုပ်ဆောင်ခဲ့သည့် အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေးသင်တန်းများ၊ အပြန်အလှန်သတင်းဖလှယ်ရေးနှင့် အားကစားဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် သုံးသပ်ရှုမြင်မှုအခြေအနေများ၊ ပွင့်လင်းမှု၊ ယုံကြည်မှု၊ ရိုးသားမှုများအပေါ် အခြေခံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား မိတ်ဆွေကောင်းဖြစ်မှုကို ပြသရေးတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Ehsan Ullah Batth အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များအား ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ရှင်းလင်း



**နေပြည်တော်  မေ  ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များအား ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံရှိ လွှတ်တော်ရေးရာကော်မတီ အဆောင်အမှတ်(၁၃)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ ရှင်းလင်းပြောကြားသည်။ **(ဓါတ်ပုံ)**

အဆိုပါရှင်းလင်းပွဲသို့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ပြည်သူများထံ မှန်ကန်တိကျသည့် သတင်းအချက်အလက်များ ဖြန့်ဝေပေးနေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကော်မတီဝင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဆောင်ရွက်နေသည့်ကုမ္ပဏီက ယခုနှစ် ဒေသလူမှုစီးပွားဖွံ့ဖြိုးရေး ဒေါ်လာ ၅ သိန်း မှ ၁၀ သိန်းသုံးစွဲမည်ဟုသိရ




**ရန်ကုန်  မေ  ၂၅**

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ (SEAGP)သည် ယခုနှစ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာငါးသိန်းမှ ၁၀ သိန်းအထိ သုံးစွဲရန်လျာထား ဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Mr. Li Zhi Lin က ပြောသည်။

ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီ (SEAGP)၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ (CSR) လုပ်ငန်းအစီရင်ခံစာ ထုတ်ပြန်ရှင်းလင်းပွဲတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီအနေနဲ့ ကျောက်ဖြူနဲ့ မဒဲကျွန်းဒေသခံတွေရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ လျှပ်စစ်ဓာတ်အားနဲ့ သောက်သုံးရေ ပြည့်ဝစွာရရှိရေးကို ငါးနှစ်အတွင်းကြိုးစားနေပါတယ်။ CSR လုပ်ငန်းတွေအတွက် ဒီနှစ် အမေရိကန်ဒေါ်လာငါးသိန်းမှ ၁၀ သိန်းအထိ သုံးစွဲဖို့ လျာထားပါတယ်"ဟု ၎င်းက ပြောသည်။

ပိုက်လိုင်းစီမံကိန်းစတင်ချိန်မှ ယခုနှစ် မတ်လကုန်အထိ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းမှ မြန်မာနိုင်ငံ လူမှုပတ်ဝန်းကျင် အကျိုးပြုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၅၂၅၀၀၀ ကိုလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများနှင့်အတူ ပိုက်လိုင်းဖြတ်သန်းရာဒေသများ၌ လူမှုစီးပွားလုပ်ငန်းပေါင်း ၁၂၀ အတွက် အမေရိကန်ဒေါ်လာ ၁၈၃ သိန်းကိုလည်းကောင်း သုံးစွဲခဲ့ကြောင်း CSR လုပ်ငန်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ ရေတွင်းရေကန်နှင့် အများပြည်သူသုံး အဆောက်အအုံများနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်းလှူဒါန်းခဲ့ပြီး ကျောက်ဖြူမြို့နယ် မဒဲကျွန်းဒေသအပါအဝင် ပိုက်လိုင်း ဖြတ်သန်းရာတစ်လျှောက်ရှိ ဒေသခံပြည်သူ ၉၀၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်း ယင်းအစီရင်ခံစာမှ သိရသည်။

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်းဟူ၍ ပိုက်လိုင်းနှစ်ခု သွယ်တန်းထားရှိပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ၂၀၁၃ ခုနှစ်တွင် လည်းကောင်း၊ ရေနံပိုက်လိုင်းမှ ယခုနှစ် မေလတွင်လည်းကောင်း လုပ်ငန်းများ စတင်လည်ပတ်လျက်ရှိသည်။

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရမ်းဗြဲကျွန်းမှ စတင်၍လည်းကောင်း၊ ရေနံစိမ်းပိုက်လိုင်းသည် မဒဲကျွန်းမှစတင်၍လည်းကောင်း အပြိုင်သွယ်တန်း တည်ဆောက်ထားသည်။

အဆိုပါစီမံကိန်းများနှင့်ပတ်သက်၍ယခု မေ ၂၂ ရက်က ကျောက်ဖြူမြို့တွင်းနှင့် မဒဲကျွန်းများရှိ ဒေသခံပြည်သူအချို့၏ ဆန္ဒပြမှုဖြစ်စဉ်များလည်း ရှိခဲ့သည်။

ပိုက်လိုင်းများသည် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များကိုဖြတ်သန်းပြီး တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ ပို့လွှတ်နေပြီးဖြစ်သည်။ ရေနံစိမ်းပိုက်လိုင်းသည် စုစုပေါင်း ၇၇၁ ကီလိုမီတာရှည်လျားပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၇၉၃ ကီလိုမီတာ ရှည်လျားသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် ကနဦးကာလတွင် တစ်နှစ်လျှင် ကုဗမီတာ ၅ ဒသမ ၂ ဘီလီယံပို့လွှတ်ခဲ့ပြီး သဘာဝဓာတ်ငွေ့ကုဗမီတာ ၁၂ ဘီလီယံအထိ ပို့လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ရေနံစိမ်းပိုက်လိုင်းစီမံကိန်းသည် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန်ပေါင်း ၂၂ သန်း ပို့လွှတ်နိုင်မည်ဖြစ်ပြီး ရေနံစိမ်းဆိပ်ကမ်းတစ်ခုကိုလည်း တည်ဆောက်ထားသည်။

"ပိုက်လိုင်းဖြတ်သန်းရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ဒေသခံတွေက တောင်းဆိုလာရင် လိုက်လေ့လာတယ်။ စာရင်းပြုစုတဲ့အဖွဲ့တွေနဲ့ ဒေသအာဏာပိုင်တွေနဲ့ ဆွေးနွေးညှိနှိုင်းတယ်။ ဒေသအာဏာပိုင်တွေကလိုအပ်လို့ အကောင်အထည်ဖော်ပေးပါဆိုရင် ရှိတဲ့ဘတ်ဂျက်နဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကုမ္ပဏီရဲ့တာဝန်ပိုင်းဆိုရင် ကုမ္ပဏီကဆောင်ရွက်ပေးမယ်၊ အဲဒီထက်ကျော်လွန် ရင် အစိုးရကိုတင်ပြပေးသွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ Mr. Li Zhi Lin က ပြောသည်။

အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ (SEAGP) သည် မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား နိုင်ငံလေးနိုင်ငံရှိ ကုမ္ပဏီ ခြောက်ခုတို့က အကျိုးတူ ရင်းနှီးမြှုပ်နှံထားပြီး စီမံကိန်းကာလမှာ နှစ် ၃၀ ဖြစ်သည်။ **(သတင်းစဉ်)**

❐ ရှေ့ဖုံးမှ

ဦးသံခဲ၊ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် နိုင်ချစ်ဦးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးကျော်တင့်ဆွေနှင့် ပဒိုစောကွယ်ထူးဝင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

**ရှင်းလင်း**

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး နိုင်ငံရေးကဏ္ဍ မူဝါဒအဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

**နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲ**

နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲတွင် အချုပ်အခြာအာဏာ အဆိုပြုလွှာ၊ အချုပ်အခြာအာဏာကျင့်သုံးမှု အဆိုပြုလွှာ၊ တန်းတူရေး အဆိုပြုလွှာ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဆိုပြုလွှာ၊ ဖက်ဒရယ်ပြည်ထောင်စုမှု (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု) အဆိုပြုလွှာနှင့် ပါတီစုံဒီမိုကရေစီစနစ် အဆိုပြုလွှာများကို ဆွေးနွေးခဲ့ကြသည်။

**စီးပွားရေးကဏ္ဍ**

အလားတူ စီးပွားရေးကဏ္ဍ ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးထွန်းနိုင်နှင့် မွန်းလွဲပိုင်းတွင် ခွန်တင်ရွှေဦးတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စိုင်းယီတိပ်၊ မိကွန်ချမ်း၊ ဦးလီပေါ်ရဲနှင့် ဗိုလ်မှူးချုပ်သက်အောင်တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးထွန်းနိုင်နှင့် ခွန်တင်ရွှေဦးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး စီးပွားရေးကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲကျင်းပစဉ်

ထို့နောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

**စီးပွားရေးကဏ္ဍ**

စီးပွားရေးကဏ္ဍ ဆွေးနွေးပွဲတွင် ဈေးကွက်စီးပွားစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး၊ စီးပွားရေးလက်ဝါးကြီးအုပ်မှုများ မဖြစ်ပေါ်စေရေး တားဆီးကာကွယ်ရန်၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသအသီးသီးတို့တွင် တန်းတူညီမျှသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်တို့ကို ဆွေးနွေးကြသည်။

ထို့အပြင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များအကြား စီးပွားရေးလုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်၊ နိုင်ငံတော်၏ ရေတို၊ ရေလတ်၊ ရေရှည်စီးပွားရေး စီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးကြသည်။

**လူမှုရေးကဏ္ဍဆွေးနွေး**

ထို့အတူ လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးသိန်းဆွေနှင့် မွန်းလွဲပိုင်းတွင် ဒေါက်တာနော်ကပေါ်ထူးတို့ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပူးဘွေလျန်မန်း၊ ဒေါ်နန်းဝင်းကြည်၊ ဒေါ်ဇင်မာအောင်နှင့် ဦးနေဝင်းတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးသိန်းဆွေနှင့် ဒေါက်တာနော်ကပေါ်ထူးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး လူမှုရေးကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြား ကြသည်။

**ဘေးကင်းလုံခြုံမှု**

လူမှုရေးကဏ္ဍ ဆွေးနွေးပွဲတွင် လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး ( Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ လက်နက်ကိုင် ပဋိပက္ခများကြောင့် လည်းကောင်း၊ လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချနေထိုင်နိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အပြင် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေးပြဿနာအဖြစ်ရှုမြင်၍ ထိရောက်စွာတားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ရန်တို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ**

ထို့အတူ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးထွန်းထွန်းဟိန်နှင့် မွန်းလွဲပိုင်းတွင် ပူးလားလ်ရမ်လော်မာတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စောဒဲနီယယ်လ်၊ ဦးဇော်မင်းလတ်၊ စိုင်းယီနှင့် ဗိုလ်မှူးချုပ်မြင့်မောင်ဦးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးထွန်းထွန်းဟိန်နှင့် ပူးလားလ်ရမ်လော်မာတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုဖတ်ကြားပြီး မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးစုစည်းချက်များအားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

**အဓိက လိုအပ်ချက်**

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲတွင် နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူ့ဗဟိုပြု မြေယာမူဝါဒဖြစ်စေရန်၊ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်၊ ဗဟိုထိန်းချုပ်မှုလျှော့ချသည့်မူဝါဒများ ဖြစ်စေရန်၊ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်၊ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့် မူဝါဒများဖြစ်စေရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အခြေခံမူများကို ဆွေးနွေးကြသည်။

အခြေခံမူ (၆)ရပ်အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အပါအဝင် ဆွေးနွေးမှုအဆင့်ဆင့်တွင် အကျေအလည်ထပ်မံ ညှိနှိုင်းရရှိထားသည့် ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်၊ အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများနှင့် ပတ်သက်၍လည်း ဆွေးနွေးကြသည်။

**လုံခြုံရေးကဏ္ဍ**

အလားတူ လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဗိုလ်မှူးချုပ်စိန်ထွန်းလှနှင့် မွန်းလွဲပိုင်းတွင် ဖြားတန်ခွန်ဉက္ကာတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စဝ်ဘောင်ခေး၊ ပူးဇင်ခန့်ဆွန်၊ ဦးအင်ထုံခါးနော်ဆမ်နှင့် ဦးစောထွန်းအောင်မြင့်တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဗိုလ်မှူးချုပ်စိန်ထွန်းလှနှင့် ဖြားတန်ခွန်ဉက္ကာတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး လုံခြုံရေးကဏ္ဍ အဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးစုစည်းချက်များအားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိများက နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

**တစ်ခုတည်းသောတပ်မတော်**

လုံခြုံရေးကဏ္ဍ ဆွေးနွေးပွဲတွင် တစ်ခုတည်းသော တပ်မတော်ထားရှိရေးမူနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မေ ၂၆ ရက်တွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍဆွေးနွေးပွဲများနှင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၄ မှ*

ရရှိဖို့ အခက်အခဲအနည်းငယ်ရှိနေပါတယ်။ တပ်မတော်နဲ့ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့အချို့တိုက်ခိုက်မှုဖြစ်နေခြင်းကလည်း ပြဿနာတစ်ခုပါပဲ။ ငြိမ်းချမ်းရေး ဆွေးနွေးရာမှာ ပထမဆုံးလုပ်ရမယ့်အလုပ်ကတော့ အပစ်အခတ်ရပ်စဲဖို့ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲရေးမရှိဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်လုပ်ဆောင်လို့ မရပါဘူး။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့မတိုးနိုင်အောင် အဟန့်အတားဖြစ်စေပါတယ်။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရာမှာ အဓိက အခက်အခဲကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး မတူညီတဲ့အမြင်တွေရှိနေခြင်း ဖြစ်ပါတယ်။ အဓိကပြဿနာတစ်ခုကတော့ ဖက်ဒရယ်စနစ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ သမိုင်းကြောင်းချင်းမတူတဲ့ တပ်မတော်နဲ့ လူနည်းစုတိုင်းရင်းသားအဖွဲ့ တွေအကြား အသွင်အမျိုးမျိုးကွဲပြားနေကြခြင်းပါပဲ။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးက အလွန်ကို နက်နဲရှုပ်ထွေးပြီး ဖြေရှင်းရခက်ခဲပါတယ်။ နယ်စပ်ဒေသမှာ တိုင်းရင်းသားအဖွဲ့အချို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဖို့ တောင်းဆိုနေပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့နဲ့ ဒေသန္တရအစိုးရတွေအကြား အမေရိကန်ဒေါ်လာ ဘီလီယံချီတန်ကြေးရှိတဲ့ သဘာဝသယံဇာတ ခွဲဝေရေးအပိုင်းမှာလည်း ဖြေရှင်းရခက်တဲ့ ပြဿနာတွေ ရှိနေပါတယ်။ အခု မေ ၂၄ ရက်မှ စတင်ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)က ထွက်ပေါ်လာမယ့်ရလဒ်က ဒီမိုကရေစီနည်းလမ်းနဲ့အညီ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအတွက် အလွန်ပဲအရေးကြီးပါတယ်။

---

# မန္တလေးအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများလွှတ်ပေး

**မန္တလေး မေ ၂၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအား ကြိုဆိုထောက်ခံသောအားဖြင့် ကျင့် ၄၀၁(၁)ဖြင့် လွှတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူများအား လွှတ်ပေးသည့်အခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ဗဟိုအကျဉ်းထောင်အတွင်းရှိ မောင်းထောင်ခန်းမတွင် ပြုလုပ်သည်။

အဆိုပါ အကျဉ်းသား ၄၅ ဦးအနက် နိုင်ငံခြားသား သုံးဦးအား မန္တလေး အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးထင်အောင်ထံ လွှဲပြောင်းပေးခဲ့ပြီး ချမ်းအေးသာစံမြို့နယ်တရားရုံး၏ အမှုအမှတ် ၄၅၉/၁၇၊ ငြိမ်း/စီ-၁၉၊ အမှုအမှတ် ၅၇/၁၇ ကျင့် ၄၈၈ ပြစ်ဒဏ်လေးလကျခံပြီး လွှတ်မြောက်သော အကျဉ်းသားနှင်းအောင် ၂၀ နှစ်(ဘ)ဦးအောင်ကြီး ပတ္တမြားရပ်ကွက် စစ်ကိုင်းမြို့နေသူအား စဥ့်ကိုင်မြို့မရဲစခန်းမှ ငြိမ်း/စီ-၁၉ ဖြင့် နောက်အမှုရင်ဆိုင်ရန်အတွက် စဥ့်ကိုင်မြို့မရဲစခန်းမှ ဒုရဲမှူးဦးလွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

**နေရာကွက်ကျားမိုးရွာနိုင်**

**နေပြည်တော် မေ ၂၅**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ )

# ဝန်ထမ်းများသက်သာချောင်ချိမှုရရှိအောင် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်စီစဉ်နေ

**နေပြည်တော် မေ ၂၅**

နိုင်ငံ့ဝန်ထမ်းများအား လစာနှုန်းထား တိုးမြှင့်ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိကြောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိမှုရရှိအောင် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန် စီစဉ်နေကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပြောကြားသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **အစိုးရဝန်ထမ်းများ၏ လက်ရှိရင်ဆိုင်နေရသော စီးပွားရေးကျပ်တည်းမှုကို စာနာထောက်ထားသောအားဖြင့် လစာတိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးမြန်းမှုအပေါ် ဒုတိယဝန်ကြီးက ထိုသို့ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

မေးခွန်းရှင် ဦးမောင်မြင့်က လက်ရှိအချိန်တွင် ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်းများ တက်နေကြောင်း၊ အခြေခံစားကုန်ဖြစ်သည့် ဆန်ဈေး၊ ဆီဈေးအပါအဝင် ကန်စွန်းရွက်ဈေးပါတက်နေကြောင်း၊ ထို့ပြင် လူနေမှုစရိတ်မှာလည်း တရိပ်ရိပ်မြင့်တက်နေကြောင်း၊ လူနေမှုစရိတ်မြင့်တက်သည့်အတွက် ရသည့်လစာနှင့် မလောက်ငမှုများရှိကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများသည် ငွေတိုးချေးယူခြင်းနည်းလမ်းအပြင် မဟုတ်သည့် ကိစ္စရပ်များကို လုပ်ဆောင်လာနိုင်ကြောင်း မေးခွန်းမေးမြန်းရာတွင် ထည့်သွင်းတင်ပြသည်။

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းလစာအပြင် နိုင်ငံ့ဝန်ထမ်းပင်စင်လစာအသုံးစရိတ်များကိုပါ ကျခံသုံးစွဲလျက်ရှိပါကြောင်း၊ လစာနှင့် ပင်စင်အသုံးစရိတ်သည် စုစုပေါင်း သာမန်အသုံးစရိတ်၏ ၂၃ ဒသမ ၆၆ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းအသုံးစရိတ်၏ ၁၇ ဒသမ ၈၅ ရာခိုင်နှုန်းရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ၍ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေသောငွေကြေး၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကုန်ဈေးနှုန်းအခြေအနေ၊ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများကို အဘက်ဘက်က ထည့်သွင်းစဉ်းစားပြီး သင့်လျော်သည့်အချိန်ကာလတွင် တိုးမြှင့်ဆောင်ရွက်ပေးသင့်ပါကြောင်း။



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဦးမောင်မြင့်
မင်းကင်းမဲဆန္ဒနယ်

လက်ရှိနိုင်ငံတော်၏ ငွေကြေး၊ ပြည်တွင်းပြည်ပ ကြွေးမြီနှင့် ဘတ်ဂျက်လိုငွေဖြစ်ပေါ်မှု စသည့်မက်ခရိုစီးပွားရေးအခြေအနေ အရပ်ရပ်အပေါ်မူတည်၍ အစိုးရ၏ အသုံးစရိတ်များကိုလည်း စဉ်ဆက်မပြတ် သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်လိုငွေပြနေသောဘတ်ဂျက်ကို လိုငွေကြီးထွားမှုမရှိစေရန် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးအား ၅ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ဖက်တွင်လည်း ရငွေအရင်းအမြစ်များ တိုးပွားလာစေရန် ဆောင်ရွက်ခြင်းနှင့် အသုံးစရိတ်များကို အထူးစိစစ်ကြပ်မတ်၍ သုံးစွဲစေခြင်းတို့ကို ဆောင်ရွက်နေရပါကြောင်း။

အခွန်အကောက်ရငွေများ အပါအဝင် နိုင်ငံတော်၏ ရငွေများ တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့ ဝန်ထမ်းများကို လစာနှုန်းထားများ တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အခွန်အကောက်ရငွေကို တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်၊ သတ္တုစသော သဘာဝသယံဇာတ ထုတ်လုပ်ရောင်းချမှုရငွေများ များစွာကျဆင်းနေပြီး နိုင်ငံတော်က ရယူခဲ့သော ယခင်ကြွေးမြီများကိုလည်း ပေးဆပ်နေရပါကြောင်း၊ ပို့ကုန်မြှင့်တင်နိုင်ရေးနှင့် မလိုအပ်သော သွင်းကုန်များကို လျှော့ချနိုင်ရန် ဆောင်ရွက်ပြီး နိုင်ငံတော်၏ စီးပွားရေးဦးမော့လာစေရန် အထူးကြိုးပမ်း နေသည့်ကာလဖြစ်ပါကြောင်း။

လောလောဆယ်တွင် လစာတိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ ယခု အချိန်တွင် လစာတိုးပေးခြင်းထက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပြီးမှသာ လစာစရိတ်များ တိုးပေးရန် စဉ်းစားသင့်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းများအတွက် ခေတ်ကာလအခြေအနေနှင့်မကိုက်ညီသည့် စရိတ်များကို တိုးမြှင့်ပေးခြင်း၊ အချိန်ပိုလုပ်ခစနစ်၊ ဆုကြေးချီးမြှင့်သည့်စနစ်များ ပြန်လည်ကျင့်သုံးနိုင်ရန် သုံးသပ်ဆောင်ရွက်ခြင်း၊ အိမ်ရာများ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)အား မြန်မာ့စီးပွားရေးဘဏ်ခွဲအဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လေရှီးမြို့နယ်၏ လူဦးရေမှာ နှစ်သောင်းကျော်သာရှိခြင်း၊ ဘဏ္ဍာငွေသယ်ယူရန် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဆက်သွယ်ရေးအနေဖြင့်လည်း CDMA ဖုန်းလိုင်းတစ်လိုင်းဖြင့်သာ ဆက်သွယ်နိုင်ခြင်း၊ လေရှီးဘဏ်ငွေတိုက်ခွဲအနေဖြင့် လောလောဆယ်တွင် လုပ်ငန်းများ နိုင်နင်းစွာဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လေရှီးဘဏ်ငွေတိုက်ခွဲအား လက်ရှိအချိန်တွင် မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ လုပ်ငန်းပမာဏများပြားလာသည့်အချိန်တွင် မြို့နယ်ဘဏ်ခွဲအဆင့်သို့ တိုးမြှင့်နိုင်ရေး တင်ပြဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၏ **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုပြီး ငွေလုံးငွေရင်း အသုံးစရိတ်များကို အကုန်အစင်သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာနှစ်အတွင်း အချိန်မီဆောက်လုပ်ခြင်း၊ ဝယ်ယူခြင်းများကို လအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပြီး ငွေလုံးငွေရင်း အသုံးစရိတ်များကို အကုန်အစင် သုံးစွဲနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီဆောက်လုပ်ခြင်း၊ ဝယ်ယူခြင်းများကို လအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်များချမှတ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများကသာ ဆောင်ရွက်ကြရပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ပထမ(၃)လပတ်(ဧပြီ၊ မေ၊ ဇွန်)အတွင်း တင်ဒါခေါ်ယူဆောင်ရွက်ခြင်း၊ ဒုတိယ(၃)လပတ်(ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ)လများတွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခြင်းနှင့် ပစ္စည်းများလက်ခံခြင်း၊ တတိယ (၃)လပတ်နှင့် စတုတ္ထ(၃)လပတ်တွင် လုပ်ငန်းများအပြီးသတ်၍ ငွေပေးချေမှုများ ပြီးစီးအောင် ဆောင်ရွက်ခြင်း၊ လုပ်ငန်းပမာဏကြီးမားသော တည်ဆောက်ရေး၊ ဝယ်ယူရေးကိစ္စများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ခြင်းနှင့် ငွေပေးချေမှုများကို ဘဏ္ဍာနှစ်အတွင်း ပြီးပြတ်အောင်ပေးချေခြင်းတို့ကို စောင့်ကြည့်ကြပ်မတ်လျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်များ၊ တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုနှင့် လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းတို့၏ စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေးစစ်ရန် B/Q တွက်ချက်မှုပုံစံများ ထုတ်ပေးနေမှု၊ မိုဘိုင်းဖုန်း SIM Card ရောင်းချမှု၊ လက်ကိုင်ဖုန်းများတင်သွင်းမှုနှင့် အခွန် ကောက်ခံနိုင်မှုဆိုင်ရာ မေးခွန်းများကိုလည်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဖြေကြားခဲ့သည်။

**အစည်းအဝေးတွင်** လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက **နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရက စနစ်တကျ စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေးတိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံထားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ အစားထိုးဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ယခုပညာသင်နှစ်အတွင်း ပလက်ဝမြို့နယ်ရှိ ကျောင်းနှစ်ကျောင်းကို အဆင့်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် မေ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော်တင်း၏ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ကွမ်းချောင်းဝကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်းတို့အား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသော အခြေခံပညာ ကျောင်းပေါင်း ၉၃၇ ကျောင်း၊ မူအားဖြင့် ဖြေလျှော့ပေးခဲ့သော အခြေခံပညာ ကျောင်းပေါင်း ၂၃၇၅ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၃၃၁၂ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ အဆင့်တိုးမြှင့်ပေးမှုတွင် ပလက်ဝမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)ပေါင်း ၂၇ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှစ်ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၄၉ ကျောင်းတို့ကို အဆင့်မြှင့်တင်ပေးခဲ့ပါကြောင်း။

ချင်းပြည်နယ် ပလက်ဝမြို့နယ် ကွမ်းချောင်းဝကျေးရွာ အခြေခံပညာအလယ် တန်းကျောင်းတွင် စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား ၁၀၃ ဦး နှင့် ဒိုးချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား ၁၈၀ သာ ရှိပါကြောင်း၊ သို့သော် မိမိတို့ဝန်ကြီးဌာနမှ စိစစ်ချက်အရလည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီး၏ တင်ပြချက်အရလည်းကောင်း သွားလာမှုခက်ခဲသောဒေသဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အဆိုပါ ကျောင်းနှစ်ကျောင်းသည် သတ်မှတ်ချက်မှုနှင့် ကိုက်ညီမှုရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက် ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၏ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိ တစ်ထပ်ကျောင်းဆောင်ဟောင်းကို ဖျက်၍ SS 26 ပေ (၂၀၀×၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေလျာထားချက်မှာ ပဲခူးတိုင်းဒေသကြီး(အနောက်) နတ်တလင်းမြို့နယ်အတွက် ငွေကျပ် ၃၄၅ သန်း ထည့်သွင်းလျာထားခဲ့ပါကြောင်း။

နတ်တလင်းမြို့နယ် တာပွန်မြို့ အခြေခံပညာ အထက်တန်းကျောင်း အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပေ (၂၀၀×၃၀) RC နှစ်ထပ်



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ဦးဇော်တင်း
ချင်းပြည်နယ် မဲဆန္ဒနယ်

ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် အမှုတွဲတင်ပြခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အနေဖြင့် ခွဲဝေရရှိသည့် ဘဏ္ဍာငွေအပေါ်မူတည်၍လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ဦးစားပေးအစီအစဉ်အရသော်လည်းကောင်း အဆိုပါကျောင်း၌ ပေ (၁၂၀×၃၀) Steel Structure တစ်ထပ်ဆောင် (မြေရတုဆောင်)အဖြစ် ဆောက်လုပ်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ငွေကျပ် ၄၆ ဒသမ ၈ သန်းကို ခွဲဝေပေးခဲ့ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီကဆောက်လုပ်ခဲ့ရာ လုပ်ငန်း ဆောင်ရွက်မှုမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ မကြာမီ ပညာရေးဝန်ကြီးဌာနသို့ အပ်နှံသွားမည်ဟု သိရှိရပါကြောင်း ဖြေကြားသည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်နှင့် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း၊ ချေးငွေဆိုင်ရာမေးခွန်း၊ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ မေးခွန်းတို့နှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း တို့က ပြန်လည်ရှင်းလင်းဖြေကြား ကြသည်။

ယင်းနောက် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးက မိမိတို့နိုင်ငံသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ပေါကြွယ်ဝသောနိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအား ကောင်းမွန်စွာ အသုံးမချနိုင်သေးပါကြောင်း၊ မြစ်ချောင်းများ ထိခိုက်ပျက်စီးနေခြင်း၊ သောင်များထွန်းခြင်း၊ မြစ်ကြမ်းပြင်မြင့်တက်ခြင်း၊ မိုးရာသီရေကြီးခြင်း၊ ကမ်းပါးပြိုခြင်း၊ နွေရာသီတွင် ရေမရှိခြင်းတို့ကို အမြဲကြုံတွေ့နေရပါကြောင်း၊ မိမိတို့နိုင်ငံ၏

*စာမျက်နှာ ၈ သို့*

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကဏ္ဍအလိုက်ဆွေးနွေးပွဲများအတွင်း တက်ကြွစွာဆွေးနွေးမှုများဖြင့် အရှိန်ရလာ

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ ဓာတ်ပုံ - ဇင်ဦး**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ဒုတိယနေ့တွင် ကဏ္ဍငါးရပ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးပွဲများ အသီးသီးကျင်းပလျက်ရှိသည်။ သက်ဆိုင်ရာ အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ် နေရာခြောက်ခုတို့တွင် ကျင်းပခဲ့သည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိသည့်အချက်အလက်များအပေါ် အသေးစိတ်ဆွေးနွေးလျက်ရှိခြင်းဖြစ်သည်။ ဆွေးနွေးပွဲများကို မေ ၂၆ရက်တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ယနေ့တွင် ဆွေးနွေးပွဲတက်ရောက်သည့် ကိုယ်စားလှယ်များအနက်မှ အချို့အား ဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ပါသည်။**



စိုင်းထင်ကျော်



ဦးဦးလှစော



ဒေါ်နန်းနွယ်နွယ်



မင်းဇေယျာဦး



မိကွန်ချမ်း

**စိုင်းထင်ကျော်**
**(စည်းရုံးရေးမှူး)**
**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)**

ဒီနေ့နိုင်ငံရေးအစုအဖွဲ့အနေနဲ့ ဆွေးနွေးပွဲမှာ ကျွန်တော်တို့ SNLD အနေနဲ့ နိုင်ငံတော်ရဲ့ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုသည့်အချက်ကို အဓိကဆွေးနွေးတင်ပြခဲ့ပါတယ်။ အဲဒီအချက်က ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နဲ့ ပင်လုံစိတ်ဓာတ်တွေကို လုံးဝဆန့်ကျင်နေတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒီအချက်ကို ထည့်သွင်းထားတဲ့အတွက် အစုအဖွဲ့တွေအချို့အပေါ် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု ရရှိသွားနိုင်မယ်လို့ ဆိုထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့တော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားနိုင်တဲ့အချက်လို့ ယူဆပါတယ်။

နောက်တစ်ချက်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးတွေ၊ အာမခံချက်တွေရှိတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာမှာ နိုင်ငံတော်ရဲ့နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုတဲ့အချက်က ဒို့တာဝန်အရေးသုံးပါးကိုပဲ ဦးတည်တယ်လို့ ယူဆပါတယ်။ အမှန်ပါပဲ။ ကျွန်တော်တို့ အနေနဲ့လည်း ပြည်ထောင်စုပြိုကွဲမှာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမှာနဲ့ အချုပ်အခြာအာဏာ ထိပါးနှောင့်ယှက်ခြင်းခံရမှာတွေကို မလိုလားတဲ့အကြောင်း နိုင်ငံရေးဆွေးနွေးပွဲမှာ အတိအလင်းဆွေးနွေးခဲ့ပါတယ်။

ဒါပေမယ့် ပြည်ထောင်စုကို တည်ဆောက်တဲ့အခါမှာ စိုးရိမ်စိတ်တွေ၊ သံသယတွေနဲ့ ကြောက်စိတ်တွေအပေါ် အခြေခံမယ့်အစား အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ယုံကြည်မှုတွေနဲ့ အခြေခံမှသာ နိုင်ငံတစ်ဝန်းလုံး သာယာဝပြောငြိမ်းချမ်းမယ်လို့ ယုံကြည်ပါတယ်။ မဟုတ်ဘဲ သံသယတွေ ဖုံးလွှမ်းနေတဲ့အချက်တွေကို ထည့်သွင်းထားဖို့ မလိုအပ်ဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်အပေါ်မှာ ပြောတဲ့ နိုင်ငံတော်ရဲ့နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုတဲ့အချက်ကို ထည့်သွင်းပြဋ္ဌာန်းဖို့ မသင့်တော်ဘူးလို့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

ရှမ်းတိုင်းရင်းသားများအနေနဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ခြင်း မရှိသေးပါဘူး။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အခြားအဖွဲ့အစည်းတွေကလည်း ဒီဖြစ်စဉ်မှာ ပါဝင်လာနိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့် ရှမ်းတိုင်းရင်းသားတစ်ရပ်လုံးရဲ့ သဘောထားကို ကိုယ်စားပြုနိုင်မှာ မဟုတ်သေးဘူး။ ဒါကြောင့် မလိုလားအပ်တဲ့ အခြားပြဿနာတွေ ရှုပ်ထွေးမှုတွေမရှိအောင် ဆွေးနွေးရခြင်းဖြစ်ပါတယ်။

**ဦးဦးလှစော**
**လွှတ်တော်ကိုယ်စားလှယ်**

ဒီနေ့ နိုင်ငံရေးဆွေးနွေးပွဲမှာ အချို့အဖွဲ့အစည်းတွေက တက်တက်ကြွကြွ ဆွေးနွေးသွားကြတာကို အားရဖွယ်တွေ့ရပါတယ်။ အခုထိ အဆိုပြုလွှာမှာပါတဲ့ အချက်တွေထဲမှာ စဉ်းစားစရာတွေနဲ့ ဝေဖန်ထောက်ပြစရာတွေလည်း ပါတယ်။ အချုပ်အခြာအာဏာသည် နိုင်ငံသားများဆီမှ ဆင်းသက်သည်ဆိုတဲ့အချက်ကို အဓိကထားပြီး ကျွန်တော်ဆွေးနွေးခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ ဒီစကားလုံးကို ပြန်ပြီးတော့ ဆန်းစစ်သင့်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုအချိန်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်ရှိခါစအချိန်ပဲ ရှိပါသေးတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့အနေအထားက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ စဉ်းစားသုံးသပ်ဖို့ အများကြီးလိုတယ်။ ပထဝီအနေအထားအရ လူဦးရေများပြားတဲ့ တရုတ်နဲ့ အိန္ဒိယလို နိုင်ငံတွေရဲ့ကြားမှာ ရှိတယ်။ လူဦးရေပေါက်ကွဲနေတဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ နီးစပ်တဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် လူအဝင်အထွက်တွေ၊ လူရွှေ့ပြောင်းမှုပြဿနာတွေ အများကြီးကြုံတွေ့နေရတယ်။ နိုင်ငံသားလို့ သတ်မှတ်တဲ့အပိုင်းတွေမှာ အခက်အခဲအချို့ ရှိနေသေးတာလည်း အားလုံးအသိပဲ။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ အချုပ်အခြာအာဏာနဲ့ နိုင်ငံသား သတ်မှတ်တဲ့ကိစ္စတွေမှာ အခက်အခဲအချို့ ရှိနေဦးမှာပါပဲ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူတွေဆီက ဆင်းသက်တယ်ဆိုတာမျိုး ဖြစ်စေချင်တယ်။

နောက်တစ်ခုက ကျွန်တော်နဲ့ ရှမ်းနဲ့အမြင်တူတာ တစ်ခုရှိပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ခွင့်မရခဲ့သေးဘူး။ အဲလိုမရတဲ့အတွက် လူထုရဲ့ သဘောထားတွေအကုန်လုံးကိုစုပြီးတော့ သဘောတူညီချက် မထုတ်ပြန်နိုင်သေးဘူး။ ကျွန်တော့်အနေနဲ့ကတော့ ဒီအဆိုပြုလွှာ ၄၁ ချက်ထဲမှာ ဆွေးနွေးခွင့်မပါခဲ့ဘူး။ ရှမ်းလည်းမပါဘူး။ ရခိုင်လည်းမပါဘူး။ အဲဒါကြောင့် ဒီဟာတွေကို အတည်ပြုလိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မပြောခဲ့တဲ့အချက်တွေအတွက် ဘယ်လိုလုပ်ကြမလဲ။ ထပ်ပြီးတော့ ပြင်ဆင်ထည့်သွင်းမှုတွေ လုပ်လို့ရမလားဆိုတဲ့အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ ပြည်နယ်တွေရဲ့လုပ်ပိုင်ခွင့်ကို ပြောမယ်ဆိုရင် ပုဒ်မ ၂၆၁ ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်ကနေ ရွေးကောက်တင်မြှောက်ရမယ်ဆိုတဲ့ကိစ္စ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးခဲ့ပါတယ်။ အဲဒါမျိုးမလုပ်ဘဲနဲ့ အများပြည်သူ အများစုနိုင်တဲ့ပါတီကပဲ မလုပ်ဘဲနဲ့ထားပါတော့ဗျာ လွှတ်တော်အမတ် ၃၄ ယောက်ရှိတဲ့အထဲမှာ လူအများစုနိုင်တဲ့ပါတီကပဲ ဝန်ကြီးချုပ်တက်ဖြစ်မယ်ဆိုလို့ရှိရင် တန်းတူညီမျှရေးဆိုတဲ့စကားလုံးက လုံးဝခံစားခွင့်မရှိသလိုဖြစ်နေမှာပေါ့။ အဲတော့ ဒါမျိုးကို လာမယ့်ဖွဲ့စည်းပုံမှာ သော်လည်းကောင်း၊ လုပ်ရမယ့်အခြေအနေ ရှိနေပါတယ်။

ပုဒ်မ ၂၆၁ ဆိုတာကို လုံးဝဖျက်သိမ်းပစ်ဖို့ ကျွန်တော်ကတော့ ဆွေးနွေးခဲ့ပါတယ်။ နောက်သယံဇာတနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဒီတိုင်းရင်းသားဒေသထွက်တဲ့ သယံဇာတတွေကို ပြည်နယ်အစိုးရကပဲ စီမံခန့်ခွဲပြီးတော့ သူ့ရဲ့ဖွံ့ဖြိုးမှုအတွက် သူရယူပြီးတော့ကျန်တာတွေကို ဗဟိုကိုပို့ပေါ့၊ အဲဒါမျိုးကိုလုပ်ဖို့ သင့်တယ်။ ဒါမှမဟုတ်ဘဲ ပြည်နယ်တွေကထွက်တဲ့ အားလုံးကို ဗဟိုကိုယူသွားပြီးတော့ ဒေသအတွက် ဘာမှမကျန်ခဲ့၊ မဖြစ်ခဲ့ဘူးဆိုရင်တော့ ဖက်ဒရယ်လို့ ဘယ်လိုပြောတော့မလဲ။ ဒါကြောင့် သယံဇာတနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်ကထွက်တဲ့ သယံဇာတွေကို ပြည်နယ်အစိုးရက စီမံခန့်ခွဲ၊ ပြည်နယ်အတွက် ဖွံ့ဖြိုးတိုးတက်မှုတွေကို လုပ်ဆောင် အဲဒါမျိုးတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုတယ်ဆိုတာကို ဆွေးနွေးခဲ့ပါတယ်။

**ဒေါ်နန်းနွယ်နွယ်**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)**
**တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)**

စီးပွားရေးကဏ္ဍဆွေးနွေးပွဲကို ဒီကနေ့တက်ဖြစ်ပါတယ်။ UPDJC ဆီကချမှတ်တဲ့အတိုင်းဆိုရင် ကျွန်မတို့က နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်မယ်။ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲတွေ ကျင်းပမယ်။ လူမျိုးအလိုက်ဆိုရင် ချင်းမှာလုပ်ပြီးပြီ၊ ပအိုဝ်းမှာလုပ်တယ်၊ ကရင်မှာလုပ်တယ်။ ဒေသအလိုက်ဆိုရင် ပဲခူးမှာလုပ်တယ်။ တနင်္သာရီမှာလုပ်တယ်။ အဲဒီလိုဆွေးနွေးမှုတွေမှာ ကဏ္ဍကြီးငါးခုကနေ တစ်ခုချင်းစီအလိုက် စုလိုက်တယ်။ ဥပမာဒေသတစ်ခုနဲ့ တစ်ခုက အဓိပ္ပာယ်ချင်းတူနေမယ်၊ စာသားချင်းတော့ ကွဲနေတယ်၊ အဲဒီလိုမျိုးတူရာတူရာလေးတွေ စုလိုက်တယ်။ စုပြီးတော့ အတွင်းရေးမှူးအဖွဲ့ကိုတင်တယ်။ အတွင်းရေးမှူးအဖွဲ့ကနေပြီးတော့ UPDJC ကို ဆက်ပြီးတော့တင်ပါတယ်။ ဒီနေ့အပိုင်းမှာတော့ မေးမြန်းတာ၊ ဆွေးနွေးမှုအပိုင်းကတော့ နည်းနည်းတော့ပါပါတယ်။ ကျွန်မတို့အဖွဲ့ကတော့ ပထမကတော့ DPNOပါ။ ဦးခွန်ဥက္ကာဦးစီးတယ်။ အဲဒီကနေပြီးတော့ ၂၀၀၉ ကျမှ ပအိုဝ်းလူငယ်အဖွဲ့အစည်းရှိတယ်။ ပအိုဝ်းအလုပ်သမားအဖွဲ့ရှိတယ်။ ပုဂ္ဂလိကနဲ့ဖွဲ့ထားတဲ့ အဖွဲ့တွေလည်းရှိတယ်၊ အဲဒါတွေ ကိုစုစည်းထားတာပါ။ အခု ဥက္ကဋ္ဌဖြစ်နေတဲ့ ခွန်မြင့်ထွန်းဆိုရင်အရင်ကလွှတ်တော်အမတ်၊ NLD မှာ အသက်အငယ်ဆုံးလွှတ်တော်အမတ်အနေနဲ့ အရွေးခံခဲ့ရပြီးနောက်ပိုင်းမှာ ကိုယ့်လူမျိုးအတွက် ပအိုဝ်းမှာလည်း နိုင်ငံရေးလုပ်လို့ရတယ်ဆိုပြီး ပြန်ပြီးဖွဲ့စည်းထားတဲ့ အခု PNLO မှာ ပြန်ပြီးတော့ တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဦးခွန်ဥက္ကာကတော့ နာယကအဖြစ်နဲ့ပဲ ရှိနေမှာပါ။ ဒီ ဒုတိယအကြိမ် (၂၁) ရာစုပင်လုံညီလာခံမှာတော့ ကိုယ်စားလှယ်အနေနဲ့ ၁၉ ယောက်တက်ပါတယ်။ အားလုံးကတော့ ဖွင့်ပွဲတွေမှာရောဆိုရင် အယောက် ၃၀ ကျော် တက်ရောက်ပါတယ်။ ဒီ (၂၁)ရာစုပင်လုံညီလာခံနဲ့ပတ်သက်ပြီး ဘယ်လိုမျှော်လင့်လဲဆိုတော့ ကျွန်မတို့ သဘောထားအမြင်တွေကိုစုပြီးတော့ ဒီညီလာခံမှာတင်တယ်။ နောက်ပြီးတော့မှ လွှတ်တော်မှာ အတည်ပြုရမယ်။ ဒီမှာဘယ်လောက်ပဲ ဆွေးနွေးဆွေးနွေး လွှတ်တော်မှာပဲ အတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကျွန်မတို့အနေနဲ့ ဒီကဏ္ဍကြီးငါးခုကနေပြီးတော့ ဆွေးနွေးထားတဲ့ အချက်တွေပါသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲလိုဖြစ်အောင်လည်း ကဏ္ဍအလိုက် ကြိုးစားနေပါတယ်။

**မင်းဇေယျာဦး**
**UPDJC အတွင်းရေးမှူးအဖွဲ့ဝင်**

ကျွန်တော်က UPDJC အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်တဲ့အတွက်ကြောင့် အဓိကကတော့ UPDJC က ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တွေရှိတယ်။ စီးပွားရေးနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေရှိတယ်။ ဒီဆုံးဖြတ်ချက်တွေကို လောလောဆယ် အခြေအနေမှာ ဒီမနက်ပိုင်းဆွေးနွေးပွဲမှာ တက်ရောက်လာတဲ့ ညီလာခံကိုယ်စားလှယ်တွေကို ရှင်းပြပေးရတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၇ မှ*

မြစ်ချောင်းများ ထိန်းသိမ်းရေးသည် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေကြောင်း သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကျိုးဝင်ပါကြောင်း၊ မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းသည် စရိတ်အားဖြင့် ကြီးမားလှပါကြောင်း၊ မြစ်ကြောင်းမှ ရေကို စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် အသုံးချရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနက မြစ်ရေတင်စီမံကိန်းများအဖြစ် ပြုလုပ်ပါကြောင်း၊ ရေကိုအသုံးပြုသည့် တောင်သူများသည် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀ မှ ၈၀၀၀ အထိ ရေအသုံးပြုခ ဆည်မြောင်းဌာနသို့ ပေးဆောင်ရပါကြောင်း၊ မြစ်ရေတင်စီမံကိန်း ၃၀၀ တွင် ၁၇၀ ကျော်သည် အားနည်းချက်များဖြင့် ရပ်နားထားရသည်ဟု သိရှိရပါကြောင်း၊ မြစ်ကြောင်းဖွံ့ဖြိုးမှု စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တင်သွင်းမည့် ကဏ္ဍငါးခုနှင့်ပတ်သက်သည့် ဆွေးနွေးမှုအများစုကို သဘောတူညီမှုရရှိ



**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) နောက်ဆုံးနေ့တွင် တင်သွင်းမည့်ကဏ္ဍငါးခုတွင် ပါဝင်သည့် အခြေခံမူနှင့် အချက်ပေါင်း ၄၁ ချက် ကို (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ဒုတိယနေ့တွင် စတင်ဆွေးနွေးခဲ့ပြီး အများစုကို သဘောတူညီမှုရရှိသည်ဟု ဒုတိယနေ့ သတင်းစာရှင်းလင်းပွဲ (**အပေါ်ပုံ**) မှ သိရသည်။

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍငါးခုကို အစိုးရနှင့် လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီများ ဆွေးနွေးခဲ့ပြီး ကဏ္ဍအသီးသီး တွင်ပါဝင်သည့် အခြေခံမူနှင့် အချက်အများစုကို သဘောတူညီနိုင်ခဲ့ကြောင်း ကဏ္ဍ အသီးသီးတွင် တာဝန်ယူထားသည့် UPDJC အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြောကြားသည်။

နိုင်ငံရေးကဏ္ဍတွင်ပါဝင်သည့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက “နိုင်ငံရေး ကဏ္ဍမှာ ခေါင်းစဉ်ခွဲအနေနဲ့ အချုပ်အခြာအာဏာကိစ္စဖြစ်တယ်။ ဒုတိယက အချုပ် အခြာအာဏာကျင့်သုံးမှုဖြစ်တယ်။ တတိယက တန်းတူရေးဖြစ်တယ်။ စတုတ္ထက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တယ်။ ပဉ္စမက ဖက်ဒရယ်ပြည်ထောင်စုမူနဲ့ ပတ်သက်တဲ့ ကိစ္စဖြစ်တယ်။ နံပါတ်ခြောက်ကတော့ ပါတီစုံဒီမိုကရေစီကိစ္စဖြစ်တယ်။ ဒီနေ့ ဆွေးနွေး ချက်အားလုံးကို ကြည့်မယ်ဆိုရင် ပုံစံလေးခုထွက်လာတယ်။ ဆွေးနွေးတဲ့ ဆွေးနွေးချက် အားလုံး အပြုသဘောဆောင်တယ်။ အားလုံးက ပြည်ထောင်စုသဘောတူ စာချုပ်အထိ လက်မှတ်ရေးထိုးဖို့ ကြိုးစားကြရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချထားမှုနဲ့ ဆွေးနွေးကြတယ် ဆိုတာကို ကျွန်တော်တို့ တွေ့ရတယ်။ ဒါကြောင့် နိုင်ငံရေးကဏ္ဍဟာ အပေါင်းလက္ခဏာ ဆောင်တယ်လို့ တင်ပြချင်ပါတယ်”ဟု ပြောသည်။

စီးပွားရေးကဏ္ဍတွင် ပါဝင်သည့် မင်းဇေယျာဦးက “ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ စီးပွားရေးမူဝါဒတွေ ဆွေးနွေးပါတယ်။ စုစုပေါင်း ရှစ်ချက်ရှိပါတယ်။ ကျွန်တော် အခုထွက်လာတဲ့အထိ စီးပွားရေးကဏ္ဍ ဆွေးနွေးနေဆဲပါ။ ဆွေးနွေးချက် ငါးခုဆွေးနွေးပြီး ပါပြီ။ ငါးခုစလုံးမှာ တစ်ကနေ ငါးအထိ မူအရ သဘောညီချက်ရပါတယ်။ ဆွေးနွေးမှုတွေ ကောင်းမွန်ပါတယ်။ စကားလုံးပြင်ဆင်တာလောက်ပဲ နည်းနည်းလေး ဆွေးနွေးကြတာ များပါတယ်”ဟု ပြောသည်။

လူမှုရေးကဏ္ဍအတွက်ဦးဇော်ဌေးက “လူမှုရေးကဏ္ဍမှာ ပြန်လည်နေရာချထား ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနဲ့ ပတ်သက်တဲ့ အခြေခံ မူလေးချက်ရှိပါတယ်။ အခြေခံမူဖြစ်တဲ့အတွက် အကောင်အထည်ဖော်ရမယ့် အဆင့် တွေကို ဖယ်ထားရပါတယ်။ အဲ့ဒီအတွက် နိုင်ငံတကာစံနှုန်း ပြည်တွင်းအနေအထားနဲ့ ချိန်ကိုက်ပြီး လုပ်ထားပါတယ်။ ဒီနေ့ လူမှုရေးကဏ္ဍမှာ လေးချက်လုံး ပါဝင်ဆွေးနွေး နိုင်ခဲ့ပါတယ်”ဟုပြောသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ပါဝင်သူ ဦးမြင့်စိုးက “မြေယာကဏ္ဍ မှာ အခြေခံမူ ခြောက်ချက်ဖြစ်ပါတယ်။ အခြေခံမူနဲ့ပတ်သက်ပြီး အချို့စကားလုံး အသုံးအနှုန်း အကြံပြုတင်ပြတာရှိပါတယ်။ တစ်ခုချင်းအပေါ် လက်မခံနိုင်တာ သိပ်မတွေ့ရပါဘူး။ အချို့စကားလုံးတွေ ပြင်ဆင်ချင်တာ တွေ့ရပါတယ်။ ဒါကို မှတ်တမ်း အနေနဲ့ ထားရှိပါတယ်။ မနက်ဖြန်မှာတော့ အကြံပြုချက်တွေနဲ့ ပြန်လည်သုံးသပ်ပြီး ရရှိတဲ့ အချက်အလက်တွေ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

လုံခြုံရေးကဏ္ဍတွင် ပါဝင်သူ ရဲဘော်မျိုးဝင်းက “လုံခြုံရေးကဏ္ဍမှာ ချမှတ်ထား တာက နိုင်ငံတော်ကာကွယ်ရေးဆိုတဲ့ လုံခြုံရေးကဏ္ဍပါ။ လုံခြုံရေးကဏ္ဍက တိုင်းပြည် အတွက် အရေးကြီးလို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ စတင်ဆွေးနွေးခြင်း မပြုဘဲ ပြည်ထောင်စုအဆင့်မှာသာ စတင်ဆွေးနွေးဖို့ သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် အခြေခံမူဝါဒအဖြစ်နဲ့ ညီလာခံကို တင်ပြနိုင်ခြင်းမရှိပါဘူး။ စေ့စပ်ညှိနှိုင်းဆွေးနွေးမှု အရ အနာဂတ်ပြည်ထောင်စုမှာ တပ်မတော်တစ်ခုတည်းဖြစ်ရေးဆိုတဲ့ဟာကို မူအား ဖြင့် လုပ်ငန်းကော်မတီအဆင့်မှာ ဆွေးနွေးထားတယ်။ ဒီညီလာခံမှာ လုပ်ငန်းကော်မတီ က ရရှိထားတဲ့ သဘောထား UPDJC ရဲ့ လမ်းညွှန်မှုနဲ့အညီ ဒီကနေ့တွင် လုံခြုံရေး ကဏ္ဍမှာ တပ်မတော်တစ်ခုတည်းထားရှိရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးဖြစ်ပါတယ်” ဟု ပြောသည်။

အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းငါးခုမှ ကဏ္ဍငါးခုအပေါ် ယနေ့တွင် စတင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ညီလာခံနောက်ဆုံးနေ့ အတည်ပြုနိုင်မှုမတိုင်မီအထိ ပြင်ဆင်ဖြည့်စွက်မှုများ ရှိနေမည် ဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့် ၊ ဓာတ်ပုံ-ဖိုးထောင်**

# ကျောင်းအပ်နှံရေးနေ့သီတင်းပတ်မှာ ကျောင်းသားတွေဟာ ကိုယ့်မြို့နယ်ကျောင်းမှာပဲ ကျောင်းအပ်လက်ခံရမယ့်စနစ် စတင်ကျင့်သုံး

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)**

၂၀၁၇ -၂၀၁၈ ကျောင်းအပ်နှံရေး သီတင်းပတ်တွင် မြို့နယ် တွင်းနေထိုင်သော ကျောင်းသား ကျောင်းသူများအား ကိုယ့်မြို့ နယ်ရှိ ကျောင်းများတွင်သာ ဦးစားပေးကာ ကျောင်းအပ် လက်ခံ သည့်စနစ်ကို စတင်ကျင့်သုံးနေပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပေါ် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကာ သိလိုသည်များမေးမြန်းခဲ့မှုအပေါ် ဖြေကြားချက်များအား ထုတ်နုတ်ဖော်ပြလိုက်ပါသည်-

**အ.ထ.က (၂) ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်း**

“ဒီနှစ်ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်မှာ ယခင်နှစ်တွေ ထက် ထူးခြားတာကတော့ မြို့နယ်အတွင်းရှိတဲ့ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေက ကျောင်း သားတွေဟာ ကိုယ့်မြို့နယ်က ကျောင်းတွေမှာပဲ ကျောင်းအပ် လက်ခံရမယ့်စနစ်ကို စတင်ကျင့်သုံးနေပါပြီ။ အမှန်တကယ် နေထိုင်သူကို ဦးစားပေးကျောင်းအပ်ခံနေပါတယ်။ တခြားမြို့နယ် ကျောင်းတွေကို သွားအပ်လို့မရပါဘူး။ အဓိကကတော့ နယ်မြေ သတ်မှတ်လိုက်တာပါ။ မြို့နယ်မှာ ညီအစ်ကိုမောင်နှမတွေရှိရင် တက်ခွင့်ပေးတယ်၊ ကျောင်းအပ်လက်ခံတဲ့ ဝင်ဆံ့ဦးရေထက် လိုနေရင် ကျောင်းအပ်လက်ခံတယ်။ အငြိမ်းစားဝန်ထမ်းတွေ၊ လက်ရှိအပြောင်းအရွှေ့တာဝန်ကျဝန်ထမ်းတွေရဲ့သားသမီးတွေ



ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်း



ဒေါ်နန်းအေးကြည်



မဝင့်ဖြူအောင်

ကိုလည်း ဦးစားပေးလက်ခံပါတယ်။ ကျောင်းသားမိဘတွေ ကျောင်းလာအပ်ကြတဲ့အခါမှာ ကျောင်းတွေ အပြောင်းအရွှေ့ ကိစ္စတွေကြောင့် လိုအပ်တဲ့စာရွက်စာတမ်းတွေကိုလည်း လွယ်ကူလျင်မြန်စွာနဲ့ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါ တယ်”ဟု ပြောသည်။

**ကျောင်းသားမိဘ ဒေါ်နန်းအေးကြည် မရမ်းကုန်း (၃) ရပ်ကွက်**

“အစ်မမှာ ကလေး ခုနစ်ယောက်ရှိတယ် KG ၊ ဒုတိယ တန်း၊ ဆဋ္ဌမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်း တွေပါ။ ဒီနေ့ကတော့ ကျောင်းပြောင်းအနေနဲ့ အပ်လို့မရသေး ဘူး၊ ကျောင်းမှာ အတန်းပြောင်းတွေပဲ စတင်လက်ခံတော့ အပ်လို့ရတဲ့ကလေးတွေကို အရင်အပ်လိုက်တယ်။ ကျန်တဲ့ ကျောင်းပြောင်းအတွက်ကတော့ နောက်နေ့မှ ဝင်ခွင့်ဖောင်ယူ ရမယ်ပြောတယ်။ ကျောင်းသားတွေကများတော့ ယခင်ကဆို ကျောင်းရဲ့ ဘာကြေး ညာကြေးတွေက မကြာခဏဆိုသလို ရှိတယ်။ အခု အဲ့ဒါတွေပျောက်ပြီး ကျောင်းအပ်ခတွေ အခမဲ့ ဖြစ်တဲ့အပြင် ကျောင်းစာအုပ်တွေရော၊ ကျောင်းအပ်ခတွေပါ အားလုံးအခမဲ့ဖြစ်နေတော့ ကလေးတွေရဲ့ ကျောင်းစရိတ်က အလွန်ကို သက်သာသွားပါပြီ။ ဒါ့အပြင် ကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုတွေကြောင့် အပြင်ကျူရှင်တွေ ထားစရာမလိုတော့ဘူး။ ဒါပေမယ့် ကလေးတွေကိုတော့ အိမ် ကနေပြီး ကျောင်းမှန်ဖို့၊ စာကျက်ဖို့နဲ့ ကျောင်းကဆရာမတွေနဲ့ အမြဲအဆက်အသွယ်လုပ်ပြီး သူတို့အခြေအနေကိုတော့ မေးနေရတာလေးတွေတော့ရှိတယ်။ တဖြည်းဖြည်းနဲ့ ပညာရေး စနစ်တွေ ပြောင်းလာတဲ့အပေါ်မှာ ကျောင်းသားမိဘ တစ်ယောက်အနေနဲ့ကျေနပ်ပါတယ်။ နိုင်ငံတော်က တာဝန်ရှိသူ တွေကိုလည်း ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

**တက္ကသိုလ်ဝင်တန်းကျောင်းသူ မဝင့်ဖြူအောင်**

**အရှေ့ကြို့ကုန်း အင်းစိန်မြို့နယ်**

“သမီးက နဝမတန်းအောင်လို့ ဒီနေ့မှာတက္ကသိုလ်ဝင်တန်း တက်ဖို့ ကျောင်းလာအပ်တာပါ။ ဒီ အ-ထ-က(၂)မှာ ခုနစ်တန်း ကနေစပြီး တက်လာတာပါ။ တက္ကသိုလ်ဝင်တန်းမှာတော့ တစ်နေ့ စာတစ်နေ့ ပုံမှန်လုပ်သွားမယ်။ ဆရာမတွေစကား နားထောင် မယ်။ စာမရှင်းရင် ဆရာမတွေပြန်မေးမယ်။ တက္ကသိုလ်ဝင်တန်း မှာ အမှတ်များများနဲ့အောင်ပြီး နည်းပညာတက္ကသိုလ်တက်နိုင် အောင် အင်ဂျင်နီယာတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ ဒီအတွက် ကိုယ်လည်း စာနောက်မကျအောင် သူငယ်ချင်းအချင်း ချင်း နားမလည်တာတွေ ရှင်းပြပြီး ကြိုးစားသွားမယ်”ဟု ပြော သည်။

# (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးစည်းဝေး

**ရန်ကုန် မေ ၂၅**

ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် (၉) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူ များ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင် နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် ညနေ ၃နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မသန်စွမ်းသူ များ အားကစားအဖွဲ့ချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးပီတာက (၉)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလူရွေးချယ်သည့် စာရင်းများကို တင်ပြသည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည့် ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင် တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော၊ ခုနစ်ယောက် တစ်ဖက်ဘောလုံး၊ မြားပစ်၊ စစ်တုရင်၊ အလေးမ၊ ဂိုးလ်ဘော၊ ဘိုစီယာ၊ ဘိုးလင်း စသည့် နည်းပြများက အသင်း၏ လိုအပ် ချက်များကို တင်ပြဆွေးနွေးကြသည်။ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကိုရီးယားနိုင်ငံ၌ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းအောင်ရှိန်**

# ရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ထိန်းသိမ်းမွမ်းမံမည်

**မြောက်ဦး မေ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦး ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ ထိန်းသိမ်းမွမ်းမံမှု ဆောင်ရွက်ရန် အဆိုပြုလုပ်ငန်းများ ညှိနှိုင်းအစည်း အဝေးကို မေ ၂၅ ရက် နံနက် ၉ နာရီက ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပခဲ့သည်။

အဆိုပြုလုပ်ငန်းများ ညှိနှိုင်း အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး က အမှာစကားပြောကြားသည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးညိမ်းလွင်က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ အတွင်းရှိ မွမ်းမံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထိန်းသိမ်း မွမ်းမံခြင်းလုပ်ငန်း ၂၁ ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ထိန်းသိမ်းမွမ်းမံမှု ဆောင်ရွက်ရန် အဆိုပြုလုပ်ငန်းများကို ညှိနှိုင်းဆောင် ရွက်ရာ သဘောတူခဲ့ကြောင်း သိရ သည်။

**(ခရိုင် ပြန်/ဆက်)**

# လက်နက်ထောက်ပံ့ပေးရန် ရုရှားအား ဒူတာတေးတောင်းဆို

**မော်စကို မေ ၂၅**

ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရန်အတွက် လက်နက်များထောက်ပံ့ပေးရန် ဖိလစ်ပိုင်သမ္မတ ရိုဒရီကိုဒူတာတေးက ရုရှားသမ္မတ ဗလာဒီမာပူတင်အား တောင်းဆိုခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန်အတွက် ခေတ်မီလက်နက်များလိုအပ်နေကြောင်း ပူတင်နှင့်တွေ့ဆုံခဲ့စဉ် ဒူတာတေးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံသည် ယုံကြည်စိတ်ချရသော မိတ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးတည်တံ့နေစေရန် ဖိလစ်ပိုင်သမ္မတက ကမ်းလှမ်းခဲ့သည်။




ရုရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် စွမ်းရည်ဆိုင်ရာကိစ္စရပ်များ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပို့ဆောင်ရေးအပါအဝင် အခြေခံအဆောက်အအုံကဏ္ဍများတွင် ပူးပေါင်းလုပ်ဆောင်မည့် စီမံကိန်းများစွာရှိကြောင်း ပူတင်က ပြောကြားခဲ့သည်။

ဒူတာတေးသည် ရုရှားနိုင်ငံသို့ ရောက်ရှိနေစဉ် ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအို ဒေသတွင် အရေးပေါ်အခြေအနေဖြစ်ပွားသောကြောင့် ဖိလစ်ပိုင်သို့ ချက်ချင်းပြန်လာခဲ့သည်။

ဒူတာတေး ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့တွင် နောက်ချန်နေခဲ့ပြီး နှစ်နိုင်ငံ သဘောတူညီချက်များအား လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။

(ဆင်ဟွာ)

# ပျောက်ဆုံးနေသော အိန္ဒိယဂျက်လေယာဉ်အား ရှာဖွေမှုများ အရှိန်မြှင့်လုပ်ဆောင်

**နယူးဒေလီ မေ ၂၅**

အိန္ဒိယတပ်ဖွဲ့ဝင်များသည် လေယာဉ်မှူး နှစ်ဦးလိုက်ပါသွားသည့် ပျောက်ဆုံးနေသော ဆူခွိုင်း ၃၀ အမ်ကေအိုင် တိုက်ခိုက်ရေး လေယာဉ်တစ်စင်းအား မေ ၂၄ ရက်က တိုးမြှင့်ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရှာဖွေမှုများသည် ဒုတိယရက်သို့ ရောက်ရှိလာပြီဖြစ်သော်လည်း ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်သော အစအနများ ယခုအချိန်အထိရှာဖွေတွေ့ရှိခြင်း မရှိသေးချေ။ အာသံအရှေ့မြောက်ပိုင်း အိန္ဒိယလေတပ်စခန်းတစ်ခုဖြစ်သော တတ်ဇ်ပါလ်မှ ပြန်တက်သွားပြီးနောက် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်သည် အိန္ဒိယလေတပ်မှ လေယာဉ်ဖြစ်ကြောင်း၊ လေယာဉ်သည် လမ်းကြောင်းအတိုင်း ပျံသန်းနေစဉ် ဆက်သွယ်မှု ပြတ်တောက်သွားခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

အဆိုပါ ဒေသတွင် ရာသီဥတု ဆိုးရွားသောကြောင့်လေယာဉ်ပျောက် ရှာဖွေရေးလုပ်ငန်းများ ခေတ္တခဏရပ်နားခဲ့ရသည်ဟု ဒေသအတွင်း သတင်းအေဂျင်စီများက ဖော်ပြခဲ့သည်။ ဆူခွိုင်း ၃၀ လေယာဉ်သည် ရုရှားလုပ်လေယာဉ်တစ်စင်းဖြစ်ပြီး အသံထက်မြန်သော တိုက်ခိုက်ရေးဂျက်လေယာဉ်တစ်စင်းဖြစ်ကြောင်းလည်း သိရသည်။

(ဆင်ဟွာ)

# ပါကစ္စတန်၌ အလုပ်လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသားနှစ်ဦး ပြန်ပေးဆွဲခံရ

**ကွတ်တာ မေ ၂၅**

ပါကစ္စတန်နိုင်ငံ၌ အသက်မွေးလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသားနှစ်ဦးတို့သည် ဗုဒ္ဓဟူးနေ့က ကွတ်တာမြို့အတွင်း၌ ပြန်ပေးဆွဲခြင်းခံလိုက်ရကြောင်း ပြည်နယ်ဆိုင်ရာ ပြောရေးဆို ခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နောက်ဆုံးဖြစ်ပွားခဲ့သည့် တရုတ်နိုင်ငံမှအလုပ်သမားနှစ်ဦး တိုက်ခိုက်ခံရမှုက တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်စီစဉ်နေမှုများအတွက် စိုးရိမ်ဖွယ်အခြေအနေများကို တိုးပွားလာစေခဲ့သည်။ တရုတ်နိုင်ငံသားဇနီးမောင်နှံနှစ်ဦး ပြန်ပေးဆွဲခံလိုက်ရပြီး ယင်းဖြစ်ရပ်အတွင်း ၎င်းတို့နှစ်ဦးကို စောင့်ရှောက်သူမှာ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဘာလိုချီစတန်ပြည်နယ်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ အန်ဝါအာဟက်ကာကာက ရိုက်တာသို့ ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်နှင့်အခြားသော သက်ဆိုင်ရာ အာဏာပိုင်များသည် အစ္စလမ္မာဘတ် နှင့်အထူးသဖြင့် ဘာလိုချီစတန်၏လုံခြုံရေးကိုမြှင့်တင်ရန် တိုက်တွန်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် နိုင်ငံအနောက်ပိုင်းနှင့် ပါကစ္စတန်နိုင်ငံအာရေဘီယံ ကမ်းခြေဒေသကို ချိတ်ဆက်ပေးမည့် အမေရိကန်ဒေါ်လာ ၅၇ ဘီလီယံတန်ဖိုးရှိ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဆိပ်ကမ်းသစ်တစ်ခုကို တည်ဆောက်လျက်ရှိပြီး လမ်းများတည်ဆောက်ရေးအတွက် ငွေကြေး ထည့်ဝင်မှုများ ပြုလုပ်လျက်ရှိသည်။ (ရိုက်တာ)

# ဂျကာတာဘတ်စ်ကားဂိတ်တစ်ခု၌ အသေခံကားဗုံးဖောက်ခွဲ လူနှစ်ဦးသေဆုံး

**ဂျကာတာ မေ ၂၅**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ ယမန်နေ့ညက အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက မေ ၂၅ရက်တွင် ပြောကြားခဲ့သည်။

အသေခံ ဗုံးဖောက်ခွဲမှုသည် ဂျကာတာမြို့ ကမ်ပန်မီလာရုရေးယာရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင် တစ်ဦးအပါအဝင် စုစုပေါင်း လူနှစ်ဦးသေဆုံးခဲ့ကာ ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒုတိယရဲချုပ် ဗိုလ်ချုပ်ကြီး ဆာရာဖရက်ဒင်ကပြောကြားခဲ့သည်။

သေဆုံးသူများထဲမှ တစ်ဦးသည် အသေခံဗုံးခွဲသမားတစ်ဦးဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာတွင် ရဲတပ်ဖွဲ့ဝင်များက စည်းများကာရံထားပြီး အကြမ်းဖက်တိုက်ဖျက်ရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြောင်း သိရသည်။




ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရက်အနည်းငယ်အကြာတွင် ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ (ဆင်ဟွာ)

# ဘရာဇီးသမ္မတနုတ်ထွက်ရေး ပြည်သူများ ဆန္ဒထုတ်ဖော်

**ဘရာဇီးလီးယား မေ ၂၅**

ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယား၌ သမ္မတမိုက်ကယ်တီမာအား အကျင့်ပျက်ခြစားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို နှောင့်နှေးကြန့်ကြာစေခဲ့သည်ဟုဆိုကာ စွပ်စွဲမှုများပေါ်ပေါက်လာသည့် အချိန်တွင် ၎င်းအားဖြုတ်ချရေးအတွက် ဘရာဇီးပြည်သူသုံးသောင်းကျော်တို့ ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူများသည် ဗုဒ္ဓဟူးနေ့က မြို့တော်ဘရာဇီးလီးယားရှိလမ်းများပေါ်၌ နေရာယူခဲ့ကြသည်။ အချို့မှာ ကြမ်းတမ်းခက်ထန်လာကြပြီး အစိုးရရုံးဌာနများအတွင်းသို့ အတင်းဝင်ရောက်ကာ မီးရှို့ဖျက်ဆီးခြင်းနှင့် ပြတင်းမှန်တံခါးများကိုရိုက်ခွဲခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ရဲများသည် ရုတ်ရုတ်သဲသဲဖြစ်နေသည့်လူအုပ်ကိုထိန်းချုပ်ရန် ရော်ဘာကျည်ဆန်များနှင့် အခြားနည်းများကို အသုံးပြုခဲ့ကြသည်။




အကျင့်ပျက်ခြစားမှုနှင့် ပတ်သက်၍ သမ္မတတီမာနှင့် အမှုဆောင်အရာရှိတစ်ဦးတို့ဆွေးနွေးခဲ့သည့် အသံဖိုင်တစ်ခုထွက်ပေါ်လာသည်ဟုစွပ်စွဲထားသည့် အစီရင်ခံစာတစ်စောင် ပေါ်ထွက်လာပြီးနောက်တွင် သမ္မတအား နုတ်ထွက်ရန် တောင်းဆိုသည့် ဆန္ဒပြမှုပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

တီမာသည် အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ်ချမှတ်ခြင်းခံထားရသည့် ပုဂ္ဂိုလ်တစ်ဦးအား နှုတ်ပိတ်ရန်ကြိုးစားရာတွင်ပါဝင်ခဲ့သည်ဟု ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

စွပ်စွဲချက်များကို ငြင်းဆန်သည့် သမ္မတ၏စကားပြောဆိုမှုကိုရုပ်မြင်သံကြားမှ နှစ်ကြိမ်ထုတ်လွှင့်ခဲ့သည်။

သမ္မတ တီမာအားနုတ်ထွက်ရန် တောင်းဆိုမှုများသည် တစ်နေ့ထက်တစ်နေ့ပိုမိုပြင်းထန်လာပြီး တီမာသည် မြို့တော်အတွင်း၌ အာဏာတည်စေရန် စစ်တပ်ကို တွန်းအားပေးလျက်ရှိကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# အခွန်တိမ်းရှောင်မှုဖြင့် စပိန်နိုင်ငံတရားရုံးချုပ်က မက်ဆီအား ပြစ်ဒဏ်ချမှတ်

**မက်ဒရစ် မေ ၂၅**

ဘာစီလိုနာအသင်းမှ ဘောလုံးသမား လီယွန်နယ်မက်ဆီအား အခွန်တိမ်းရှောင်မှုဖြင့် စပိန်နိုင်ငံတရားရုံးချုပ်က ထောင်ဒဏ် ၂၁ လနှင့် ဒဏ်ငွေယူရို နှစ်သန်းပြစ်ဒဏ်ချမှတ်လိုက်ကြောင်း တရားရုံးဆိုင်ရာ သတင်းအရင်းအမြစ်များအရ သိရသည်။

စပိန်တရားရုံးက မက်ဆီအားပြစ်ဒဏ်ကို ဆိုင်ငံ့ထားခဲ့ရန် မျှော်လင့်ရသော်လည်း အယူခံတင်သွင်းမှုကို ပယ်ချခဲ့သည်။

မက်ဆီ၏ ဖခင်ဖြစ်သူဂျော့နှင့် မက်ဆီတို့နှစ်ဦးသည် ယူရိုငွေ ၄ ဒသမ ၁၆ သန်း အခွန်ပေးဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း သိရသည်။

ဝင်ငွေများကို မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို မသိရှိကြောင်းနှင့် ဖခင်အား ငွေကြေးဆိုင်ရာ ကိစ္စရပ်အလုံးစုံကို လွှဲအပ်ထားခဲ့ကြောင်း မက်ဆီက ပြောခဲ့သည်။ (ဆင်ဟွာ)

*စာမျက်နှာ ၈ မှ*

ကျွန်တော်တို့အဖွဲ့ဝင်တွေအနေနဲ့ အဆင့်ဆင့်ကျော်ဖြတ်လာတဲ့ ကိစ္စရပ်တွေကို ညီလာခံကိုယ်စားလှယ်တွေ နားလည်အောင် ပြောပြပေးရတယ်။ သူတို့ဆွေးနွေးချက်တွေကို မှတ်သားရပါတယ်။ ပြီးလို့ရှိရင် ဆွေးနွေးချက်တွေဟာ အတွင်းရေးမှူးအဖွဲ့ဆီကို ပြန်ရောက်လာမှာပါ။ အဲဒီကနေပြီးတော့ UPDJCကို တင်ပေးဖို့ တာဝန်ရှိပါတယ်။ ဒီနေ့ ဆွေးနွေးချက်တွေမှာဆိုလို့ရှိရင် UPDJC ကနေပြီးတော့ အားလုံးလက်ခံနိုင်မယ့် အချက်လေးတွေကို ရွေးချယ်ပြီး ဒီညီလာခံကို ပေးပို့ထားတာဖြစ်ပါတယ်။ အဲဒီအချက်တွေထဲက တစ်ချက်ချင်းစီကို ညီလာခံကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးနေပါတယ်။ ဒီနေရာမှာတော့ ဆွေးနွေးတဲ့ကိုယ်စားလှယ်တွေကတော့ အမြင်အသီးသီးရှိကြတာပေါ့။ အဲဒီဆွေးနွေးချက်တွေကိုလည်း မှတ်တမ်းယူထားပါတယ်။ ယူထားတဲ့မှတ်တမ်းတွေကို ကျွန်တော်တို့ UPDJC ကို သယ်ဆောင်သွားပါမယ်။ ကျွန်တော်တို့ ညီလာခံအစီအစဉ်အရ ဆွေးနွေးချက်တွေကို ဒီနေ့ဆွေးနွေးမယ်။ မနက်ဖြန်မနက်ပိုင်းမှာလည်း ကဏ္ဍအလိုက်ဆွေးနွေးမယ်။ ညနေပိုင်းကျရင် အစုအဖွဲ့အလိုက် ပြန်ဆွေးနွေးကြပြီးတော့ နောက်တစ်ရက်မှာ ညီလာခံတစ်ရက်နားပြီး နားတဲ့ရက်မှာ ချက်ချင်း UPDJC အစည်းအဝေးခေါ်ပါမယ်။ ခေါ်ပြီးတော့ ဆုံးဖြတ်ချက်တွေကို နောက်တစ်နေ့ ညီလာခံ ပိတ်ပွဲအခမ်းအနားမှာ ပြန်ပြီးဆုံးဖြတ်ချက်တွေ၊ ပြင်ဆင်ချက် တွေကို ညီလာခံမှာ တင်သွင်းမှာဖြစ်ပါတယ်။

**မိကွန်ချမ်း**

**လွှတ်တော်ကိုယ်စားလှယ်**

ဒီနေ့ကတော့ ကျွန်မက အခုလုပ်ငန်းကော်မတီမှာ စီးပွားရေးကဏ္ဍဆွေးနွေးပွဲမှာ တက်ရောက်ပါတယ်။ အခုဆွေးနွေးပွဲက ဒုတိယအကြိမ်ပဲရှိသေးတော့ ဆက်ပြီးဆွေးနွေးရမှာတွေလည်း အများကြီးရှိနေသေးတယ်။ အဖွဲ့တွေကလည်း မစုံသေးဘူး။ အခုက စုံသင့်သလောက်ရသလောက်ကို ဒီညီလာခံမှာဝင်ဆွေးနွေးကြတယ်။ အဖြေရှာကြတယ်။ ထွက်လာတဲ့အဖြေတွေကလည်း ဒါကိုအပြီးအပြတ်လို့ မဟုတ်သေးပါဘူး။ အခြားနောက်ထပ်ဝင်လာမယ့်အဖွဲ့တွေ ထပ်ဆွေးနွေးဖို့ ကျန်သေးတဲ့အတွက် ဒီကနေစပြီးတော့ မူတစ်ခုရသွားမယ်ဆိုရင် ပိုပြီးတော့ ဆွေးနွေးလို့ကောင်းသွားမယ်။ နောက်ပိုင်းကျရင် လုပ်စရာတွေ ပိုပြီးတော့ လွယ်ကူသွားမယ်။ တစ်ဦးနဲ့တစ်ဦး ရင်းနှီးမှုတွေလည်း အများကြီးရမယ်။ တစ်ဦးနဲ့တစ်ဦးက ဆွေးနွေးလိုက်တဲ့အတွက်ကြောင့် အသံလေးတွေလည်း ပိုပြီးနားထောင်ရပါတယ်။ ရင်ထဲမှာရှိတာတွေလည်း ပြောခွင့်ရတဲ့အတွက် ဒီဆွေးနွေးပွဲဟာ အလွန်ပဲအဆင်ပြေပါတယ်။

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း(အလုံ)ရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း (အလုံ)မှ ကျောင်းသား ကျောင်းသူများက ကျောင်းအပ်နှံရေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလှဲက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း(အလုံ)မှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




**အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း(အလုံ)၌ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပစဉ်**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းဖွင့်ရာသီ ကျောင်းအပ်လက်ခံလျက်ရှိ

**နေပြည်တော် မေ ၂၅**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းဖွင့်ရာသီ ကျောင်းအပ်နှံရေးကို ယနေ့ နံနက်ပိုင်းမှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့သည် အခြေခံပညာ ကျောင်းများအားလုံးတွင် ကျောင်းအပ်ခြင်း စတင်လက်ခံလျက်ရှိရာ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ မူလတန်းကျောင်းများတွင် နံနက် ၉ နာရီမှစ၍ ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝတ်စုံများဝတ်ဆင်ကာ မိဘအုပ်ထိန်းသူများနှင့် သက်ဆိုင်ရာကျောင်းများသို့ ကျောင်းအပ်နှံရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ကျောင်းအပ်လက်ခံရာတွင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့် အခကြေးငွေမှ လုံးဝကောက်ခံခြင်းမရှိကြောင်း သိရသည်။

ထို့အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်များကို အခမဲ့ဖြန့်ဝေသွားမည့်အပြင် သူငယ်တန်း (KG) မှ စတုတ္ထတန်းအထိ ကျောင်းဝတ်စုံများကိုလည်း အခမဲ့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးစတင်လက်ခံ

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ဥမ္မာသန့်၊ ဓာတ်ပုံ - ဇော်မင်းလတ်၊ ရီရီသန့်**

**၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။ အခြေခံပညာကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ကာ ကျောင်းအပ်လက်ခံလျက်ရှိပြီဖြစ်သည်။**

**ယနေ့ (မေ ၂၅ ရက်)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းအသီးသီးတွင် ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံကြရာ ကျောင်းအုပ်ဆရာမကြီးများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။**

**ဒေါ်မြင့်မြင့်သိန်း**

**အထက(၄)ပုဇွန်တောင်**

**ကျောင်းအုပ်ဆရာမကြီး**

ကျွန်မတို့က ကျောင်းအပ်နှံရေးနေ့ မတိုင်မီကတည်းက ကျောင်းဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းရဲ့ရေအိမ်သာတွေ သန့်ရှင်းရေး၊ စာသင်ခန်းတွေ သန့်ရှင်းရေးဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် မြို့နယ်ကနေဖြန့်ဝေထားတဲ့ ပုံနှိပ်စာအုပ်နဲ့ ကျောင်းဝတ်စုံကို သတ်မှတ်ချက်အတိုင်း ထုတ်ပေးဖို့အတွက် စီစဉ်ထားပါတယ်။ ကျောင်းဝင်ခွင့်ပုံစံကို အခမဲ့ဖြန့်ဝေပေးတယ်။ ဖြန့်ဝေပြီး ကျောင်းဝင်ခွင့် ဖောင်ပုံစံကို ဖြည့်ပြီးတဲ့အခါ စိစစ်ပြီးလက်ခံပါတယ်။ KG ကနေ ဒသမတန်းအထိကို အခမဲ့ပညာရေးစနစ်ဖြစ်ပါတယ်။ မူလတန်း ကလေးတွေအားလုံးကို ကျောင်းသုံးစာအုပ်နဲ့ ဝတ်စုံတွေကို အခမဲ့ ဖြန့်ဝေပေးပါတယ်။ ဝတ်စုံကိုတော့ မူလတန်းအထိပေးပါတယ်။ အလယ်တန်း၊ အထက်တန်းကျောင်းသားတွေအတွက် ပုံနှိပ်စာအုပ် အခမဲ့ဖြန့်ဝေပေးထားပါတယ်။ ဒီနှစ်က ထူးခြားချက်ရှိတယ်။ ပညာရေးစနစ်က ၅.၄.၃ နဲ့ သွားမှာဖြစ်တယ်။ ၅.၄.၃ ဆိုတာ ၅ က မူလတန်း အဆင့် ပထမတန်းကနေ ပဉ္စမတန်းအထိ၊ ၄ က အလယ်တန်း ဆဋ္ဌမတန်းကနေ နဝမတန်းအထိ။ ၃ က အထက်တန်း ၁၀ တန်း၊ ၁၁တန်း၊ ၁၂ တန်း အဲလိုပညာရေးစနစ်ပြောင်းလဲသွားမှာပါ။ အခုချိန်ထိတော့ ၁၁ တန်း၊ ၁၂ တန်းမပြောင်းလဲသေးပါဘူး။ တစ်နှစ်ပြီးတစ်နှစ် သင်ကြားရေးစနစ်တွေနဲ့ ပြောင်းလဲသွားမယ်။ အခု ဇွန် ၁ ရက်နေ့ ကျောင်းစဖွင့်တဲ့နေ့မှာ အားလုံး အဆင်သင့်ဖြစ်နေပါပြီ။ ကျောင်းမှာ ကျောင်းခန်းတွေ သန့်ရှင်းသပ်ရပ်ဖို့ အတွက် အားလုံးပြင်ဆင်ထားပြီးဖြစ်တယ်။ ကလေးတွေ သောက်သုံးရေရရှိဖို့ အတွက် လုပ်ထားပြီးပါပြီ။ ကျောင်းဖွင့်ရာသီမှာ ကျောင်းတစ်ကျောင်းလုံးကိုလည်း သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းပေးထားပါတယ်။ တစ်နှစ်လုံး နှစ်ကြိမ်၊ သုံးကြိမ်လောက် ဖျန်းပေးပါတယ်။ ကျောင်းသုံးပရိဘောဂပြန်လည်ပြုပြင်ခြင်း၊ ဝယ်ယူခြင်းတွေ လုပ်ဆောင်ခဲ့ပါတယ်။ အတန်းပိုင်တွေ၊ အတန်းမှူးတွေ ဘာသာရပ်သင်ဆရာမတွေ၊ ဘာသာရပ်ခွဲ ဆရာမတွေ အားလုံးကို တာဝန်ခွဲဝေပေးပြီးပါပြီ။ ကျောင်းအချိန်ဇယားတွေလည်း ဆွဲထားပြီးပါပြီ။ အခြေခံပညာဦးစီးဌာနက ကလေးတွေကို ဖြန့်ဝေမယ့်ပစ္စည်းတွေ လောလောဆယ် ပံ့ပိုးပေးထားပါတယ်။



**ဒေါ်မြင့်မြင့်သိန်း**



**ဒေါ်ကြူကြူ**



**ရွှန်းလဲ့နန္ဒာ**

**ဒေါ်ကြူကြူ**

**အလက(၃)ပုဇွန်တောင်**

**ကျောင်းအုပ်ဆရာမကြီး**

ပထမတန်းသင်ရိုးညွှန်းတမ်း ပြောင်းလဲတဲ့အတွက် ဆရာမတွေ ဘယ်လိုသင်မလဲဆိုတာကို ဆရာမတွေကို သင်ကြားတာ ပိတ်ရက်မရှိ လုံးဝနားရက်မရှိ သင်ကြားပေးနေပါတယ်။ သင်တန်းက မေ ၁၃ ရက်ကနေ ၂၆ ရက်အထိ တောက်လျှောက်သင်ကြားနေပါတယ်။ အခုနောက်ပိုင်း သူငယ်တန်းကလေးက စပြီး လက်တွေ့သင်ခန်းစာကို သိစေချင်တယ်။ ဘယ်လိုလက်တွေ့လုပ်မလဲ၊ အရင်တုန်းက သီအိုရီကနေ စာသင်တာဖြစ်တယ်။ သီအိုရီပိုင်းက ကလေးတွေ နားလည်အောင်လုပ်တာ၊ အခုခေတ်သစ်စနစ်သစ် အနေအထားက လက်တွေ့ပိုင်းကနေ သီအိုရီပိုင်းကို ပြန်ပြောင်းတာ ဒါအလွယ်လေးပြောရင် ကလေးတွေရဲ့ စဉ်းစားတွေးခေါ်မှုလိုချင်တယ်။ ကလေးတွေရဲ့ ကိုယ်ပိုင်အတွေးအခေါ်လိုချင်တယ်။ ကလေးတွေရဲ့ ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့စွမ်းရည်ကို အတိအကျလိုချင်ပါတယ်။

ကလေးတွေ ကိုယ့်အားကိုယ်ကိုးပြီးတော့ ကျောင်းတက်ရင် ကျောပိုးအိတ်ကို မိဘလိုက်ပို့တဲ့ အနေအထားမျိုးထက် ကလေးတွေ ကိုယ့်လွယ်အိတ်ကိုယ်ကိုင် ကိုယ့်တာဝန်ကိုယ်လုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ရမယ်။ ပတ်ဝန်းကျင်နဲ့ ဆက်ဆံတဲ့အခါ၊ အများနဲ့ဆက်ဆံတဲ့အခါ သူတို့စုပေါင်းလုပ်ဆောင်တတ်တဲ့ အကျင့်လေးရစေချင်တယ်။ ပထမတန်း သင်ရိုးဝင်ဘာသာအနေနဲ့ (၁၀)ဘာသာသင်ကြားပေးပါတယ်။ (၁၀) ဘာသာက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ ကာယ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ အနုပညာ (ပန်းချီ)နှင့် အနုပညာ(ဂီတ)တို့ ဖြစ်ပါတယ်။ ကလေးတိုင်း သူငယ်တန်းကလေးကစပြီးတော့ သွေးပူလေ့ကျင့်ခန်းဆိုတာ ဘာလဲ၊ လေ့ကျင့်ခန်းလုပ်ရင် ဘယ်လိုအကျိုးခံစားနိုင်မလဲ၊ ဒီကလေးတွေရဲ့ စိတ်ထဲမှာ အားလုံးပြောင်းလဲမှုလုပ်လိုက်တာပါ။ ဒါသင်၊ ဒါရေး၊ ဒါကျက်၊ ဒါမှတ်၊ ဒါဖြေဆိုတဲ့ အနေအထားမဟုတ်တော့ဘဲ အရင်ထက်စာရင် ဖန်တီးမှုကောင်းသွားပါတယ်။

ဒီအတိုင်းပဲ ဆရာမတွေကလည်း သင်ပေးလိုက်တဲ့အတိုင်း သူတို့ကျောင်းတွေမှာ ပြန်သင်မယ်ဆိုရင် တိုးတက်လာမှာပါ။ အကောင်းဆုံးလုပ်နိုင်မယ်ဆိုရင် သင်ကြားမှုထိရောက်မှုကောင်းတဲ့ သင်ရိုးညွှန်းတမ်းအသစ်လို့ ပြောချင်ပါတယ်။ ကလေးတွေအတွက် ဖတ်စာအုပ်တွေလည်း အသစ်ထုတ်ထားပါတယ်။ ဒီနှစ်ပထမတန်း သင်ရိုးညွှန်းတမ်းပြောင်းမယ်။ နောက်နှစ် ဒုတိယတန်းသင်ရိုးပြောင်းမှာပါ။ သူ့နှစ်အလိုက် ပြောင်းမှာပါ။ တစ်နှစ်ကိုတစ်တန်းချင်းပဲ ပြောင်းလို့ရပါမယ်။

**ရွှန်းလဲ့နန္ဒာ**

**စတုတ္ထတန်း-အထက (၄ )ပုဇွန်တောင်**

အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက်၊ အဖေအမေငွေမကုန်တဲ့အတွက် ကျေနပ်မိပါတယ်။ ကျောင်းဗလာစာအုပ်နဲ့ ကျောင်းဝတ်စုံ အခမဲ့ပေးပါတယ်။ ဘာငွေကြေးမှ ကျောင်းကကောက်ခံမှု မရှိတဲ့အတွက် ဝမ်းသာပါတယ်။ သူငယ်ချင်းတွေနဲ့ ကျောင်းပြန်ဖွင့်ရင် တွေ့ရမှာဖြစ်တာကြောင့် ကျောင်းတက်ရတာပျော်ပါတယ်။

**မောင်ဆက်နိုင်ထွန်း**

**တတိယတန်း**

**အလက(၁)ဗိုလ်တထောင်**

ဒီနှစ်အတွက် ကျောင်းကဗလာစာအုပ်၊ ဖတ်စာအုပ်နဲ့ ကျောင်းဝတ်စုံ ရပါတယ်။ မိဘတွေ ကုန်ကျစရိတ်မရှိတဲ့ အတွက် ဝမ်းသာပါတယ်။ ကျောင်းဖွင့်ရင် သူငယ်ချင်းတွေနဲ့ တွေ့ပြီးစာသင်ရမှာဖြစ်တဲ့အတွက် ပျော်ပါတယ်။

"ပညာရေးစနစ်က အခမဲ့ဖြစ်တဲ့အတွက် မိဘတွေအတွက် ကောင်းပါတယ်။ ကလေးများတဲ့ မိဘတွေအတွက် အများကြီးအကျိုးရှိသွားပါတယ်။ သားသမီးအားလုံးကို ကျောင်းထားနိုင်ပြီဖြစ်တဲ့အတွက် အစစအရာရာအဆင်ပြေပါတယ်။ ကလေးအတွက် အုပ်ထိန်းသူတစ်ယောက်အနေနဲ့ ကျေနပ်မိပါတယ်" ဟု မိဘအုပ်ထိန်းသူတစ်ဦးက ပြောသည်။

ယနေ့မြင်တွေ့ရသည့် ကျောင်းအပ်နှံရေးသီတင်းပတ် မြင်ကွင်းသည်ကား ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် သတ်မှတ်ဖော်ညွှန်းသည့် "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေး" မျှော်မှန်းချက်များကို အုပ်ထိန်းသူမိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူအားလုံးက မြန်မာ့ပညာရေးလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဖော်ဆောင်နေသည့် ပုံရိပ်အလှဟုပင် ဆိုရမည်ဖြစ်ပါသည်။

# စဉ့်ကူးမြို့နယ်တွင် မိုးသည်းထန်မှုကြောင့် လက်ပန်လှစည်ပင်သာယာဈေး ရေနစ်မြုပ်

**စဉ့်ကူး မေ ၂၅**
စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာနှင့်ညောင်ဝန်းကျေးရွာတို့၌ မေ ၂၅ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေ ကျဆင်းကာ ညောင်ဝန်းကျေးရွာကားလမ်းပေါ် ရေကျော်မှုဖြစ်ပြီး လက်ပန်လှစည်ပင်သာယာဈေးကြီး ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၄၃/၂-၃)ကြား ညောင်ဝန်းကျေးရွာ၌ အလျားပေ ၇၀ နှင့် အမြင့် တစ်ပေခွဲခန့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ခရီးသွားယာဉ်များ ခေတ္တသွားလာမှု ရပ်တန့်ခဲ့သည်။ အလားတူ အဆိုပါတောင်ကျရေကြောင့် မန္တလေး-မိုးကုတ်ကားလမ်းပေါ်ရှိ လက်ပန်လှကျေးရွာ စည်ပင်သာယာဈေးရှေ့ ကားလမ်းပေါ်တွင် အလျားပေ ၁၂၀ ခန့်နှင့် အမြင့်နှစ်ပေခန့် မြင့်တက်ခဲ့ပြီး ယင်းနေ့ နံနက် ၁၀ နာရီခန့်တွင် ရေများကျဆင်းသွားခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုဖြစ်သည့်နေရာများသို့ မြို့နယ်မှ တာဝန်ရှိသူများက ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး လက်ပန်လှရဲကင်းနှင့် ရွှေပြည်ရဲကင်းစခန်းတို့မှ ဒုရဲအုပ်သန်းစိုးဦးနှင့် အောင်လင်းထွဋ်ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက ဈေးနှင့် ခရီးသွားပြည်သူများ၏ လုံခြုံရေးနှင့်လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

အဆိုပါလက်ပန်လှ စည်ပင်သာယာဈေးကြီးသည် နှစ်စဉ်မိုးသည်းထန်စွာရွာသည့်အခါတိုင်း တောင်ကျရေကျဆင်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများခံနေရပြီး အများပြည်သူတို့၏ အိုးအိမ်များပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးပြီး နှစ်စဉ်ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးဆောင်ရွက်ပေးနိုင်ရန် လက်ပန်လှပြည်သူများနှင့် ဈေးသူ၊ ဈေးသားတို့မှ လိုလားလျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ်
၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထား

**စစ်ကိုင်း မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးအတွက် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ပြုလုပ်ပြီး သဘာဝဘေးဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

"သဘာဝဘေး အသိပညာပေးလုပ်ငန်းတွေကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေအထိ ပညာပေးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ သဘာဝဘေးဖြစ်တဲ့နေရာတွေမှာ ကယ်ဆယ်ရေးပစ္စည်းတွေ ထောက်ပံ့နိုင်ဖို့အတွက် ကယ်ဆယ်ရေးပစ္စည်းတွေကို တိုင်းဒေသကြီး ခရိုင်ရုံးတွေမှာ အဆင်သင့်သိုလှောင်ထားပြီးဖြစ်ပါတယ်"ဟု ဒေါက်တာ ဇော်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုတွင် ချင်းတွင်းနှင့် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် မြို့နယ် ၁၉ ခုတွင် ရေဝင်ရောက်မှုဖြစ်ပွားခဲ့ရာ ၄၄ ရပ်ကွက် ၄၀၁ ရွာကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်မြို့နယ်များက ဆန်၊ ဆီ၊ ရေသန့်နှင့် ၂၅ ဒသမ ၄၆ သိန်းထောက်ပံ့ပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနက ၆၁၇ ဒသမ ၆၅ သိန်းထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ပြိုကျပျက်စီးထိခိုက်ခဲ့ရာ ပြိုကျအိမ် ၈၃၆ လုံး၊ အမိုးလန် ၁၁၉၇၇ အိမ်၊ သေဆုံးသူ တစ်ဦးဖြစ်ပေါ်ခဲ့သောကြောင့် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေကျပ် ၁၅ ဒသမ ၈၀၃ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က သွပ် ၆၄၅၈၅ ချပ်ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လားမားကျေးရွာတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ဝက်သက်ရောဂါဖြစ်ပွားခဲ့ရာ ကလေးလူကြီး ၆၂ ဦးသေဆုံးခဲ့ပြီး ရောဂါဖြစ်ပွားနေကြောင်း သိလျှင်သိချင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရ တာဝန်ရှိသူထံမှ သိရသည်။ နာဂဒေသအတွင်း ပုံမှန်ကာကွယ်ဆေးထိုးမှုလွှမ်းခြုံမှု ကာလနည်းပါးသည့်အတွက် ဖြစ်ပွားခြင်းဖြစ်ရာ လဟယ်မြို့နယ်တွင် ၇၆ ရွာ၊ နန်းယွန်းမြို့နယ်တွင် ငါးရွာကို ဝက်သက်ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သလို နာဂဒေသတွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလွှမ်းခြုံနိုင်ရန်အတွက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်း ၅၆ ဦးအား စေလွှတ်တာဝန် ထမ်းဆောင်စေခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၀၅ စီး၊ သွင်းကုန် ၆၁၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၈၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၀၃၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၀၃၅ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၄ ရက်က ဘုရားကြီးမြို့အဝင် တိုးဂိတ်အနီး၌ Nissan Caravan ယာဉ်ကို ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက် အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Satellite Receiver (PSI)၊ စလောင်းထိပ်ဖူး၊ စလောင်းဗန်းနှင့် စလောင်းဒေါက် စုစုပေါင်း (1200)U ၊ Lady Slipper (1× 2U) (1170) Pairs နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၃၈ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Satellite Receiver(PSI)၊ စလောင်းထိပ်ဖူး၊ စလောင်းဗန်းနှင့် စလောင်းဒေါက်များ၊ Lady Slipper များနှင့် သယ်ဆောင်သည့်ယာဉ်**



# မိုးကြိုးပစ်သေဆုံးသူမိသားစုများအား ထောက်ပံ့

**သုံးခွ မေ ၂၅**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ထုံးကြီးကျေးရွာအုပ်စုနှင့် အောင်ပန်းစိန်ကျေးရွာအုပ်စုတို့၌ မိုးကြိုးပစ်ခံရ၍ လူနှစ်ဦးသေဆုံးသွားကြသော ကျန်ရစ်သူမိသားစုများထံ ထောက်ပံ့ငွေပေးအပ်ခြင်းကို အုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့်အဖွဲ့က လာရောက်ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေက မိုးကြိုးပစ်ခံသေဆုံးခဲ့သည့် ထုံးကြီးကျေးရွာနေ မပန်းအိဖြူ (၁၄နှစ်)အတွက် မိခင်ဒေါ်တိုးတိုးဝင်းထံသို့ ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ အောင်ပန်းစိန်ကျေးရွာနေ ဦးဌေးဝင်း (၄၆နှစ်)အတွက် သားဖြစ်သူ မောင်လှဖြိုးကျော်ထံသို့ ငွေကျပ်သုံးသိန်းကိုလည်းကောင်း စုစုပေါင်းငွေကျပ်ခြောက်သိန်းတိတိကို လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်-(သုံးခွ)**

# ကျွန်းလှမြို့နယ်တွင် လေပြင်းတိုက်ခတ်၍ စာသင်ကျောင်းအမိုးပျက်စီး

**ကျွန်းလှ မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အင်တိုင်းကျေးရွာအုပ်စု အင်တိုင်းကျေးရွာတွင် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှစ်ထပ်ကျောင်းဆောင် အမိုးသွပ်နှင့်ဒိုင်းမြားတန်းများ ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်မှာ ကျောင်းဆောင်ဟောင်းဖြစ်ကြောင်း၊ ယခုပျက်စီးမှုအခြေအနေနှင့်ပတ်သက်၍ တာဝန်ရှိသူတို့အားတင်ပြထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးဦးဟန်မြင့်က ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# မိုးကြိုးထိမှန်သေဆုံး၍ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေပေးအပ်

**ကျိုက်ထို မေ ၂၅**
မိုးကြိုးထိမှန်သေဆုံး၍ ကျန်ရစ်သူမိသားစုအား ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၂၅ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါကျေးရွာတွင် နေထိုင်သူ ကိုခင်ဇော်(၃၁)နှစ်သည် မေ ၂၄ ရက် နံနက် ၃ နာရီခန့်တွင် ရွာတောင်ဘက်လယ်ကွင်းထဲသို့ ငါးရှာဖွေရန်ထွက်သွားရာမှ မိုးကြိုးထိမှန်သေဆုံးခဲ့သဖြင့် ကျန်ရစ်သူမိသားစုအတွက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် သုံးသိန်းအား ဦးစီးမှူး ဦးစည်သူစိုးက ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်ဇော်ဗိုလ်**

# ဟိုက်ဂျက်ယာဉ် အမိုးကိုင်းပြုတ်ထွက်ပြီး တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်ကို ဝင်တိုက်

**ရေး မေ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ကျေးရွာအပိုင် ရေး-ထားဝယ်ကားလမ်း တနသ်ာရီလမ်းမကြီး မိုင်တိုင်အမှတ် (၁၀၁/၆) နှင့်(၁၀၂/၀) အကြားတွင် မေ ၂၅ ရက် နံနက်က ဟိုက်ဂျက်ယာဉ်နှင့် ဆိုင်ကယ်တို့ တိုက်မိရာမှ ဆိုင်ကယ်မောင်းသူနှင့် နောက်မှလိုက်ပါသူ အမျိုးသမီးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ရေးမြို့မှ ကလော့ကျေးရွာဘက်သို့ ယာဉ်မောင်း စောမွန်မောင်းနှင်သော ဟိုက်ဂျက်ယာဉ်မှာ အမိုးကိုင်းပြုတ်ထွက်ပြီး ကလော့ကျေးရွာဘက်မှ ရေးမြို့ဘက်သို့ မသီမွန်မောင်းနှင်ပြီး နောက်မှ ဒေါ်ကြည်ဝင်းတို့လိုက်ပါသည့် Dream 125 ဆိုင်ကယ်ကို တိုက်မိရာ ၎င်းတို့နှစ်ဦးမှာ ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ကျသွားပြီး



ရရှိထားသော ဒဏ်ရာများဖြင့် ပွဲချင်းပြီး သေဆုံးခဲ့ကာ ယာဉ်မောင်း စောမွန်မှာလည်း ဒဏ်ရာရခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ရေးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

# ကျောက်ဖြူမြို့၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်၌ ယနေ့ နံနက်ပိုင်းက လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် ဈေးလမ်းနှင့် ဖြတ်လမ်း(၃) ထောင့်ရှိ ဦးဇော်မြင့်ကြည်၏ အောင်ဟိန်း လျှပ်စစ်ပြုပြင်ရေးဆိုင်၌ ယနေ့နံနက် ၂ နာရီခန့်က လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ ဈေးဆိုင်ခန်းနှစ်ခန်းအား မီးကူးစက်လောင်ကျွမ်းရာ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီး၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဆိုင်ခန်းသုံးခန်းနှင့် ဆိုင်အတွင်းရှိပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် လျှပ်စစ်မီးပေါ့လျော့စွာသုံးစွဲသူ ဦးဇော်မြင့်ကြည်အား ဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)၊ ဓာတ်ပုံ-(မြို့နယ် ပြန်/ဆက်)**



# ဝေါမြို့နယ်၌ ငါးဖမ်းနေရာမှ ထမင်းချိုင့်ယူရန်ပြန်လာစဉ် မိုးကြိုးထိမှန်၍ အမျိုးသားတစ်ဦးသေဆုံး

**ဝေါမြို့ မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အင်းတိုင်ကျေးရွာအုပ်စု ပြွန်ချောင်ကျေးရွာ၌ မေ ၂၄ ရက် နံနက် ၆ နာရီခန့်က ငါးဖမ်းနေရာမှ ထမင်းချိုင့်ယူရန်ပြန်လာစဉ် မိုးကြိုးထိမှန်၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ် အင်းတိုင်ကျေးရွာအုပ်စု ပြွန်ချောင်ကျေးရွာနေ ဉာဏ်လင်းထွန်းနှင့် နေလင်းအောင်တို့ နှစ်ဦးသည် ပြွန်ချောင်ရွာနှင့် ပျဉ်ပုံကြီးရွာအကြား စက်လှေဖြင့် ငါးဖမ်းနေရာမှ ထမင်းချိုင့်ယူရန် စက်လှေဖြင့် ပြန်လာစဉ် မိုးကြိုးပစ်သံကြားပြီးနောက် စက်လှေမှာ ကမ်းဘက်ကိုထိုးစိုက်သွားပြီး လှေဦး၌ လိုက်ပါလာသော နေလင်းအောင်က နောက်သို့လှည့်ကြည့်ချိန်တွင် စက်လှေမောင်းသူ ဉာဏ်လင်းထွန်းမှာ ပျောက်ဆုံးနေကြောင်း၊ ၎င်း၏အလောင်းအား ယင်းနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ်သိရှိနိုင်ရန် ဝေါမြို့နယ်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မိုးကြိုးထိမှန်၍ အမျိုးသားတစ်ဦးသေဆုံး

**ပဲခူး မေ ၂၅**

ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းအပိုင် အလိုင်နီကျေးရွာအကွက် အမှတ် (၅၀/၅၁) ရော်ဘာခြံဝင်းအတွင်း နေထိုင်သော ဦးမင်းမင်းလတ်(၄၁နှစ်) ရော်ဘာခြံကြီးကြပ်ရေးမှူးသည် နေအိမ်မီးဖိုဆောင်အတွင်း မေ ၂၄ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မိသားစုနှင့်အတူရှိနေစဉ် မိုးများသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်သဖြင့် နေအိမ်မီးဖိုချောင်နောက်ဖေးတံခါးမကြီးကို သွားပိတ်ပြီး ပြန်အလာတွင် မိုးကြိုးပစ်ခံရပြီး မီးလောင်ညိုမည်းဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်အား ပဲခူးအမှတ်(၃)နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ခင်ဇော်၊ တာဝန်မှူးဒုရဲအုပ်ချမ်းမြေ့ကျော်နှင့် ရဲတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့ပြီး အမှုဖွင့်ဆောင်ရွက်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**ဇော်ရှင်း(ကမ္ဘာ့ဧသာဒီ)**

# မောင်တောမြို့နယ်၌ သိန်းပေါင်း ၃၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ



**နေပြည်တော် မေ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယမန်နေ့နံနက်ပိုင်းက ကညင်ချောင်းကမ်းစပ် ဒီရေတောအနီး၌ စိတ်ကြွရူးသွပ်ဆေးပြားများအား **(ဝဲပုံ)** ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယမန်နေ့နံနက် ၉ နာရီက ကညင်ချောင်းကမ်းစပ် ဒီရေတောအနီး၌ မသင်္ကာဖွယ်တွေ့ရှိ၍ သွားရောက်စစ်ဆေးရာ နန်းမြေထဲတွင် ထက်ဝက်ခန့်မြှုပ်ထားသော ဆာလာအိတ်အတွင်းမှ WY/R စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀၀ ၊ ခန့်မှန်းကာလတန်ဖိုး ငွေကျပ်သိန်း ၃၄၀၀ ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

ဆရာအာသာ SUCCESS Language Academy လုည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048, 256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 443001453, 09 30775232

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 22 May
7:30 - 9 (Mon ~ Thurs) 29 May
10-11:30 (Mon~Thurs) 12 Jun
1 - 4:00 (Sat + Sun) 17 Jun
6 - 7:30 (Mon~Thurs) 19 Jun

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 29 May
3:30 - 5 (Mon ~ Thurs) 29 May
1 - 4:00 (Sat + Sun) 3 Jun
10-11:30 (Mon ~ Thurs) 5 Jun
3:30 - 5 (Mon~Thurs) 5,12 Jun
1 - 4:00 (Sat + Sun) 10 Jun
9 - 12:00 (Sat + Sun) 17 Jun
6 - 7:30 (Mon ~ Thurs) 19 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 22 May
1 - 2:30 (Mon ~ Thurs) 29 May
1 - 4:00 (Sat + Sun) 17 Jun
6 - 7:30 (Mon ~ Thurs) 19 Jun

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 19 Jun

VOCAB ENRICHMENT
10-11:30 (Mon ~ Thurs) 22 May
3:30 - 5 (Mon ~ Thurs) 5 Jun

BASIC GRAMMAR
7:30 - 9 (Mon ~ Thurs) 22 May
9 - 12:00 (Sat + Sun) 28 May

BASIC WRITING
3:30 - 5 (Mon ~ Thurs) 29 May
1 - 2:30 (Mon ~ Thurs) 13 Jun

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 5 Jun
6 - 7:30 (Mon~Thurs) 12 Jun
7:30-10:30 (Sat + Sun) 24 Jun
3:30 - 5 (Mon~Thurs) 26 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon~Thurs) 29 May
12 - 3:00 (Sat + Sun) 17 Jun
7:30 - 9 (Mon~Thurs) 21 Jun

IELTS (Preparation)
1 - 3:30 (Mon~Thurs) 5 Jun
IELTS (Speaking + Vocab)
10-11:30 (Mon~Thurs) 26 Jun
IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 29 May

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 5 Jun
10-11:30 (Mon~Thurs) 12,21 Jun
1 - 2:30 (Mon~Thurs) 21 Jun
6 - 7:30 (Mon~Thurs) 26 Jun

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 29 May
7:30-10:30 (Sat+Sun) 17 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 29 May
9 - 12:00 (Sat + Sun) 3 Jun
6 - 7:30 (Mon~Thurs) 26 Jun

IELTS (Writing+Grammar)
12:30-3:30 (Sat+Sun) 27 May



## ပျောက်ဆုံးကြောင်း

ကျွန်တော်သက်လွင် ၁၂/တမန(နိုင်)၀၀၂၇၈၆ ၏ မနလအမှတ် (MA-264544)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၅၃၄၃၆**

## ပျောက်ဆုံး

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၁၅၊ ရွှေနှင်းဆီ(၂) လမ်း၊ (၂၅)ရပ်ကွက်နေ ဦးမန်းကိုကိုကျော် ၁၂/ဒဂတ(နိုင်)၀၃၀၉၄၇၏ ID No.812509 Date.29-11-2012 Custom Statement Car ဓာတ်ပုံစာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၆၃၈၅၂၊ ၀၉-၉၆၂၈၈၈၅၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ စိုးစိုးအေး ၁၂/တမန(နိုင်) ၀၇၇၀၄၆ ၏ မနလအမှတ် (MB-488878) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၅၃၄၃၆**

## အမည်မှန်

အထက (၄)၊ ရွှေပြည်သာ တက္ကသိုလ်ဝင်တန်းမှ(ဘ)ဦးဇော်မိုး၏သမီး မမေဇင်ဝင်း၏ အမည်မှန်မှာ မဆုမြတ်မော် ဖြစ်ပါသည်။

## အမည်မှန်

အောင်လံမြို့နယ်၊ မောက်တင်ကျေးရွာ အထက(ခွဲ)ကျောင်း ဒုတိယတန်းမှ မလင်းလက်မွန်အား မွေးစာရင်းအရ မလင်းလက်မွန်ပြောင်းလဲခေါ်ဆိုပါရန်။ **မလင်းလက်မွန်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဘော် ၁၂/တမန(နိုင်)၀၇၆၆၅၀၏ မနလအမှတ် (MA-27710)မှာ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၇၈၆၁၆**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မသီတာဦးနှင့် ဆဋ္ဌမတန်းမှ မောင်ကျော်သီဟတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၇/သကန(နိုင်)၁၁၁၄၁၀ ဖြစ်ပါကြောင်း။ **သန်းဇော်ဦး**

## အမည်ပြောင်း

အောင်လံမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းစု (ဈေးကုန်း) စတုတ္ထတန်းအောင်မှ မစုစုခိုင်အား အိမ်ထောင်စုလူဦးရေစာရင်းအရ မဆုမြတ်နိုးခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုမြတ်နိုးခင်**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့၊ အလက အမှတ်(၁)၊ စတုတ္ထတန်းမှ ဦးသန်းမင်းဦး၏သား မောင်ကောင်းဇော်ဟိန်းအား မောင်စောဟန်သာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စောဟန်သာ**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့ အလကလမ်းမတော်ကျောင်းမှ ဒုတိယတန်းအောင် ဦးမောင်မောင်သန်း ၇/မလန(နိုင်)၀၆၇၄၈၄ ၏သမီး မအိမ့်ရှူးရှူးမောင်အား မအေးပြည့်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မအေးပြည့်ပြည့်ဖြိုး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်မိုးလွင် CDC ၅၀၆၈၆ ၏ SSAလက်မှတ် ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၄၅၀၀၂၃၉၃၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ လှလှမြင့် ၁၂/တမန(နိုင်) ၀၅၀၁၄၂၏ မနလအမှတ် (MB-715941) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၇၈၆၁၆**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်း အထက သတ္တမတန်းမှ မောင်စိုင်းဘိုဘိုနှင့် ဇောင်းပလေးကုန်း အမက ဒုတိယတန်းမှ မယွန်းဝတီတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၇/သကန(နိုင်)၀၂၇၃၆၃ ဖြစ်ပါကြောင်း။ **ဦးစိုးနိုင်**

## အမည်ပြောင်း

အောင်လံမြို့၊ အထက(ရွာထောင်)ကျောင်း သတ္တမတန်း C အောင်မှ (ဘ)ဦးထွန်းတင်၏သမီး မလုံမအား ယနေ့မှစ၍ မဆုသဒ္ဒါထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုသဒ္ဒါထက်**

## အမည်ပြောင်း

ပြည်မြို့ အောင်ဆန်း အထက (ခွဲ) တတိယတန်းအောင် ဦးစည်သူ ၇/ပမန(နိုင်)၁၂၁၆၄၂၏သမီး မအိမ့်သီရိစံအား မသံစဉ်သွေးဟု ပြောင်းလဲခေါ်ပါရန်။ **မသံစဉ်သွေး**

## အမည်ပြောင်း

ဦးအောင်မြင့်ဦး၏သား မုံရွာမြို့၊ အလက-၄၊ (အထကခွဲ) အဋ္ဌမတန်းအောင်မှ မောင်အောင်မြင့်မြတ်နိုင်အား မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်ကြေညာခြင်း

Action Aid Myanmar မှ Program Officer အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးပြည့်ဖြိုးဝေ (ဘ)ဦးသန်းစီ ၁၂/သကတ(နိုင်) ၁၈၁၄၂၉ အား ၁၂-၅-၂၀၁၇ ရက်မှစ၍ အလုပ်တာဝန်မှ ရပ်ဆိုင်းပြီးဖြစ်ပါသောကြောင့် ၎င်း၏လုပ်ကိုင်ဆောင်ရွက်မှုများသည် ဤအဖွဲ့အစည်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Action Aid Myanmar**
**အမှတ် (၁)၊ ဝင်္ဂဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၄၆၆၇၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ နှင်းဟေမာန်မြင့်အောင် ၁၂/တမန(နိုင်)၁၂၁၆၁၈ ၏ မနလအမှတ်(MA-693399)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၇၈၆၁၆**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ထ-ခွဲ ရေကောင်းချိန်မှ ဦးသိန်းညွန့်၏သမီး မပြုံးပြုံးရီအား မပြုံးပွင့်ရီဟု ပြောင်းလဲခေါ်ပါရန်။ **မပြုံးပွင့်ရီ**

**ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၀)**

# ခင်ဗျားဆောင်းပါး ဖတ်ရဲ့လား



**ဦးဟန်ညွန့် (ဥပဒေ)**

"မြန်မာ့အလင်းသတင်းစာမှာ ခင်ဗျားဆောင်းပါးတွေရေးနေတာ တွေ့တယ်။ ခင်ဗျားရေးတဲ့ ဥပဒေဆောင်းပါးတွေက အတွေးအခေါ်ပါပါတယ်။ ခင်ဗျားကသာ ရေးနေတာ။ ဖတ်တဲ့သူတွေရှိရဲ့လား။ ခင်ဗျားဆောင်းပါးတွေ ဖတ်ကြရဲ့လား။ ပြန်လည်သုံးသပ်ပါ။ စိစစ်ပါ။ အကျိုးကျေးဇူးရှိဖို့လိုတယ်"ဟု ကျွန်တော့် မိတ်ဆွေတစ်ဦးက ရင်းနှီးစွာ ဝေဖန်အကြံပြုသည်။

**ဝေဖန်ရေး**

မိတ်ဆွေကြီး ဝေဖန်အကြံပြုသည်မှာ မှန်သည်။ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ကြရမည်။ ဝေဖန်ကြရမည်။ ဝေဖန်ရေးရှိမှ တိုးတက်သည်။ အလုပ်တစ်ခုလုပ်ပြီးတိုင်း အကျိုးအပြစ် ဆန်းစစ်သင့်သည်။ အတိုင်းအတာ ရှာကြရမည်။ ရည်မှန်းတွက်ချက်ရမည်။

**ဥပဒေအတွေး**

ဥပဒေအတွေးရေးပါရစေ အခန်းဆက် ဆောင်းပါးအပိုင်း (၁)မှစ၍ ယနေ့အပိုင်း(၇၀)ပြည့်ပြီ။ ဘာတွေရေးခဲ့သလဲ။ ဘာတွေ တွေးခဲ့သလဲ။ ဘာတွေ ပေးခဲ့သလဲ။ သတင်းစာ စာမျက်နှာများက သက်သေပြရမည်။ စာဖတ်ပရိသတ်က အဖြေပေးမည်။ ပြုပြင်စရာ၊ ဆင်ခြင်စရာ၊ အမှားအမှန်တွေ၊ ဝေဖန်ထောက်ပြချက်တွေ ရေးသမျှအကျိုးရှိပဲ့မလား။ အမှားတွေပြင် အမှန်တွေတိုးတက်။ မျိုးဆက်သစ်လူငယ်တွေကို အဓိကမျှဝေပေး။ ဥပဒေအရေး၊ ဥပဒေအတွေး၊ ဆွေးနွေးဝေဖန်၊ အကြံဉာဏ်ပေးခြင်း စေတနာမျှသာပါ...။

**အထက်တန်းကျောင်းသားမှ**

မန္တလေးအထက်တန်း ကျောင်းသားဘဝမှစတင်၍ လူထုသတင်းစာတွင် ကျောင်းသားအတွေး၊ ကျောင်းသားအရေး ဆွေးနွေးခဲ့သည်။ သတင်းဆောင်းပါး၊ စာတမ်း၊ စာညွှန့်၊ စာကွန့်၊ သတင်းထောက်ဘဝများနှင့် ပထမခြေလှမ်း လှမ်းခဲ့သည်။ တက္ကသိုလ် ဥပဒေကျောင်းသားဘဝတွင် ဗိုလ်တထောင်သတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင် ဖြစ်နေပြီ။ မန္တလေးလူထုသတင်းစာမှ အခြေခံခဲ့သော သတင်းသမားအဖြစ်မှ ဥပဒေစာမျက်နှာအသစ် ဖွင့်လှစ်နိုင်ခဲ့သည်။ (၁၉၆၄၊ ၁၉၆၇ နှစ်များသို့)

**ဥပဒေစာမျက်နှာ**

ဥပဒေကျောင်းသားဘဝတွင် ဥပဒေပညာ၏ အခြေခံ၊ ဥပဒေပညာ၏တန်ဖိုး၊ ဥပဒေပါမောက္ခနှင့် ဆရာကြီး၊ ဆရာမကြီးများ၏ ဥပဒေပညာသင်ကြားရေး အလေးပေးခဲ့သည်။ ဥပဒေ၏ အခြေခံသဘောကို စောကြောလျက် သတင်းစာ စာမျက်နှာမှ တင်ဆက်ခဲ့သည်။ ဥပဒေကျောင်းသားများ၏ (၁၉၆၇) (ထိုခေတ်အခါက) အတွေ့အကြုံများအား တတ်စွမ်းသမျှ လေ့လာတင်ပြခဲ့သည်။ ပြည်သူ့ရင်ခွင်သို့ အစီရင်ခံခဲ့သည်။ ဥပဒေပါမောက္ခဆရာကြီး ဦးလှအောင် (နောင်နိုင်ငံတော် ရှေ့နေချုပ်)၏ သင်ပြမှုအစုစုတွေအကြောင်း၊ စုပေါင်းဂရုပြု၊ မှတ်စုအထွေထွေ သုတေသနတွေ ပြုနိုင်ခဲ့ပေသည်။

**ဒေါက်တာမောင်မောင်**

တရားရေးဝန်ကြီး ဒေါက်တာမောင်မောင် (နောင်နိုင်ငံတော်သမ္မတကြီး)၏ လက်မှတ်ဖြင့်အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဥပဒေဝန်ထမ်းအဆင့် (၄)အဖြစ်(၁၉၇၃)ခုနှစ်က တာဝန်ထမ်းခွင့် ရခဲ့သည်ကို မိမိကိုယ်မိမိ၊ ယနေ့တိုင် ဂုဏ်ယူဆဲ။ ပထမဆုံး၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့(ခေတ်)တွင် ဝန်ထမ်းသစ်ဖြစ်ခဲ့ရသည်ဟု ကိုယ်ရေးမှတ်တမ်းရေးတိုင်း ဥပဒေဝန်ထမ်းဘဝကို ပြန်လည်သတိရစမြဲ။

**တရားဥပဒေအထွေထွေဗဟုသုတ**

ခက်ခဲလေးနက်လှသော ဖတ်ရ၊ မှတ်ရ ခက်ခဲလှသော ဥပဒေပုဒ်မများအကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေအကြောင်း၊ ဓမ္မသတ်တွေအကြောင်းကို အများနားလည်အောင် ရေးတတ်၊ ပြောတတ်၊ ဟောတတ်လွန်းသော ဆရာတစ်ဆူ၊ ဥပဒေပါရဂူမှာ ဆရာကြီးဒေါက်တာမောင်မောင်ပါ။ ဆရာကြီး ရေးသားပြုစုခဲ့သော တရားဥပဒေအထွေထွေဗဟုသုတ၊ ပြည်သူ့ဝန်ထမ်းသားသမီးများသို့၊ သားမောင်စစ်သည်သို့ စာအုပ်တွေမှာ ဘယ်အချိန်ပြန်ဖတ်ဖတ်၊ မပြတ်လေ့လာအပ် သော၊ စံတင်စံထားအပ်သော၊ ရိုးရှင်းလွယ်ကူစွာ ရေးထားအပ်သော၊ ဥပဒေနှင့် ပြည်သူကို ရင်းနှီးချစ်ခင်စေသော၊ ဥပဒေဖြင့် အများပြည်သူအား ထိန်းကျောင်းပေးသော၊ လူတိုင်းလူတိုင်း ဖတ်ရှုနိုင်သော၊ နားလည်နိုင်သော ဥပဒေ




ပညာပေးစာအုပ်၊ စာစဉ်များဖြစ်ပါပေသည်။

**ဥပဒေပညာဂျာနယ်**

ဥပဒေအရာရှိဘဝရောက်ပြန်၍ ဥပဒေအလုပ်တွေ လုပ်ခဲ့ရသည်။ ဥပဒေအတွေး တွေးခဲ့သည်။ ဥပဒေအရေး ရေးခဲ့သည်။ ၁၉၉၉ ခုနှစ်များဆီသို့ ပြန်သွားရဦးမည်။ ရှေ့နေချုပ်ရုံးက ထုတ်ဝေခဲ့သော ဥပဒေပညာဂျာနယ် အကြောင်းပါ။ မှတ်မှတ်ရရ ဥပဒေပညာဂျာနယ်အတွဲ (၁)အမှတ်(၁) (မျက်နှာဖုံးကလေးကူးယူ၍ ပြန်လည်မိတ္တူတင်ပြလိုက်ပါသည်။) လွမ်းစဖွယ်လား။ ဥပဒေပညာဂျာနယ်၏ နာယကကြီးမှာ နိုင်ငံတော်ရှေ့နေချုပ်(အဘ) ဦးသာထွန်း (B.A; B.L) ဖြစ်ပါပေသည်။ ဒုတိယနာယကမှာ ဒုတိယရှေ့နေချုပ် (ဆရာ)ဦးခင်မောင်အေး (B.Sc; B.L) ဖြစ်ပါသည်။ စာတည်းအဖွဲ့ဥက္ကဋ္ဌမှာ (ထိုစဉ်က) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းရှင်ဖြစ်ပြီး တွဲဖက်အတွင်းရေးမှူးမှာ စာရေးသူ။ (ထိုစဉ်က ရန်ကုန်တိုင်းဥပဒေအရာရှိ) ကျွန်တော်ဖြစ်ခဲ့ပါသည်။ ကျန်အဖွဲ့ဝင်များအကြောင်း သီးခြားရေးသားပါဦးမည်။ ဖော်ပြခဲ့သည့်ဆောင်းပါးများအကြောင်းပါ ရေးပါမည်။ ဥပဒေပညာဂျာနယ် အတွဲ (၁) အမှတ် (၁) (၁၉၉၉ ဇန်နဝါရီလထုတ်) စာမျက်နှာ ၃၉ တွင် ကျွန်တော်ရေးခဲ့သော (ပြစ်မှုကျင့်ထုံး- ၄၉၃) ခေါင်းစဉ် ဥပဒေဆောင်းပါးကလေး ပြန်ဖတ်ပြီး" အစိုးရအမှုလိုက်ရှေ့နေများ"အကြောင်း ပြန်လည်သတိရနေသည်။ ဆောင်းပါးထဲက စာတစ်ပိုဒ်ကို ကောက်နုတ်တင်ပြရလျှင်-

တရားလိုအကျိုးဆောင်များ၏ သမိုင်းစဉ်ကို အကြမ်းအားဖြင့် အောက်ပါအတိုင်း ပိုင်းခြားနိုင်မည်ဖြစ်ပါသည်-

(က)အစိုးရ အမှုလိုက်ရှေ့နေများ

(ခ) တရားရုံး တရားလိုအကျိုးဆောင်ရဲအရာရှိများ

(ဂ) အစိုးရက ငှားရမ်းပေးသော တရားလို အကျိုးဆောင်များ

(ဃ)တရားလိုအမှုသည်က ငှားရမ်းသော တရားလို အကျိုးဆောင်များ

(င) ဥပဒေဝန်ထမ်းများ

[ယခင်က ဥပဒေဝန်ထမ်းများဟု ခေါ်ဆိုခဲ့ပြီး ယခုအခါ ရှေ့နေချုပ်ရုံး၏ ၁၁.၇.၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၉၉ အရ ဥပဒေအရာရှိများဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်] စသည်ဖြင့် ရေးခဲ့ပါသည်။ ၁၈ နှစ်ခန့်ကြာခဲ့ပြီ။

**ယနေ့တိုင်ဥပဒေဆောင်းပါးတွေရေး**

အထက်တန်းကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ ဥပဒေအရာရှိဝန်ထမ်းဘဝ၊ အငြိမ်းစားဝန်ထမ်းဘဝ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်ဘဝ၊ စာရေးဆရာ၊ သတင်းစာဆရာဘဝ၊ ဥပဒေလေ့လာသူဘဝ စသည်ဖြင့် ဘဝစုံအတွေ့အကြုံ အချို့အား (ဖြတ်သန်းခဲ့သမျှ) ယနေ့တိုင် ဥပဒေရေးရာအဖြာဖြာဆောင်းပါးများ ရေးသားနေဆဲပါ။ ပြည့်စုံသည်တော့ မဟုတ်ပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ ပညာရယူ၊ မသိတာတွေမေး၊ မတတ်တာတွေစု၊ ပြည်သူ့အမြင်အစဉ်ဆင်ခြင်။ ရုပ်မြင်သံကြားမှတစ်ဆင့် အချို့ဝေငှ။ ဥပဒေပညာရှင် ဆရာကြီးများထံမှ ပညာအမွေရယူ။ သက်ရှိထင်ရှားရှိစဉ် အကျိုးရှိရှိ လေ့လာဆည်းပူးစသည်ဖြင့် ဥပဒေအတွေးရေးရသည်။ ဥပဒေရေးရာသုတအဖြာဖြာစသည်ဖြင့် ဖြစ်ပါသည်။ ဆရာကြီးလေသံဖြင့် ရေးခြင်းမဟုတ်။ လူငယ်များနှင့်အတူ၊ ဆိုးတူကောင်းဖက် (လက်တွဲလျက် ပညာယူသည့်သဘော)။ ဥပဒေပညာရှင်တွေ၏ အတွေ့အကြုံကို မိမိကိုယ်တိုင်သင်ယူ၊ ပြန်လည်ဖြန့်ဝေ၊ မျှဝေသည့် သဘောမျှသာပါ။ ကိုယ်သိကိုယ်တတ်၊ ကိုယ်မြတ်မဟုတ်ရပါ။ အမှားရှိလျှင်လည်း ပြန်လည်ပြင်ဆင်ရမည်သာ။ ဥပဒေပညာ အမွေပေးသူရှားပါးသော ဤအခြေအနေတွင် တစ်ထောင့်တစ်နေရာမှ စေတနာဝေဖြာခြင်းဟု ဆိုပါရစေ။

**ရှေ့နေချုပ် ဦးလှအောင်**

နိုင်ငံတော်ရှေ့နေချုပ်(ငြိမ်း) ဆရာကြီး ဦးလှအောင်က အသက် ၉၀ ကျော်ပြီ။ ကျန်းမာရေးအရ သတင်းစာဖတ်ဖို့ ခက်သည်။ သို့သော်ငြား။ "မင်းဆောင်းပါးတွေ ငါဖတ်တယ်။ ပြည်တွင်းအမြင်သာမက အပြည်ပြည်ဆိုင်ရာ ဥပဒေအမြင်ပါ ရေးနိုင်အောင်ကြိုးစား"ဟု အာစရိယပူဇော်ပွဲနေ့က ဆုံးမမှာကြားသည်။ ကျောင်းသားဘဝကပင် သွန်သင်ခဲ့သော ဥပဒေပါမောက္ခ(ငြိမ်း)ဆရာမကြီး ဒေါက်တာဒေါ်သန်းနွဲ့ကလည်း " နင်ရေးတာတွေငါဖတ်တယ်။ ဆက်ရေး"ဟုအားပေးသည်။ "ဥပဒေကျောင်းသား ကျောင်းသူတွေအတွက် ဗဟုသုတရတာပေါ့။ လက်တွေ့အမှုလိုက် အတွေ့အကြုံတွေလည်း ထည့်ရေးပါ" ဟု ဒေါက်တာဒေါ်သန်းနွဲ့က မှာသည်။

**ဆရာကြီး ဦးကျော်အေး**

ဥပဒေပညာရှင်ဆရာကြီး ဦးကျော်အေးအား " ဆရာကြီး၏ အတွေ့အကြုံများအား မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ဆွေးနွေးပေးပါ" ဟု ကျွန်တော်မေတ္တာရပ်ခံသည်။ " ငါမပြောချင်ဘူးကွာ။ တွေ့ဆုံမေးမြန်းခန်းပုံစံတော့ သတင်းစာမှာ ရေးချင်ရေး၊ ငါဖြေပေးမယ်။ ဒါပေမယ့် စာအုပ်တစ်အုပ်ရေးနေလို့ ငါမအားသေးဘူး။ မင်းလည်းစာရေးရင် မမှားအောင် သတိထားရေး" ဟု သတိပေးဆုံးမသည်။

**ဆရာကြီး ဦးမြသိန်း**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် (ငြိမ်း)ဆရာကြီး ဦးမြသိန်းက နေပြည်တော်မှာ နေသည်။ ဆရာကြီး၏ အိမ်နှင့် ကျွန်တော့်အိမ် သိပ်မဝေးလှ။ ဆရာကြီးက အတွေ့အကြုံစုံ။ ဥပဒေစာအုပ်တွေစုံသည်။ ဥပဒေ ဗဟုသုတတွေလည်း များလှသည်။ အင်္ဂလိပ်၊ မြန်မာဘာသာစုံဖြင့် ဆောင်းပါးတွေရေးနေသည်။ မြန်မာ့အသံမှာ ဥပဒေရေးရာ သိကောင်းစရာများ လွှင့်ပေးဖို့တင်ပြရသည်။ ဆရာကြီးက အကူအညီပေးပါသည်။ ကျွန်တော့်ဥပဒေအတွေးဆောင်းပါးများရေးရာတွင်လည်း အကြံဉာဏ်ကောင်းတွေ ပေးနေဆဲပါ။ " ဥပဒေကို လွယ်လွယ်ရေး၊ အတုံးလိုက် အတစ်လိုက် ပညာမပေးသင့်" ဟု ကျွန်တော့်အားမှာသည်။

**ဆရာကြီးဦးခင်မောင်အေး**

တရားရုံးချုပ်တရားသူကြီး(ငြိမ်း)လည်းဖြစ်၊ ဒုတိယရှေ့နေချုပ်(ငြိမ်း)လည်းဖြစ်သော ဆရာကြီး ဦးခင်မောင်အေးနှင့် အငြိမ်းစား ဥပဒေရုံးများ ဗုဒ္ဓဘာသာအသင်းမှာ ဆုံကြသည်။ ဆရာ၏ အတွေ့အကြုံများ အမြဲပြောပြသည်။ " ဆောင်းပါးရေးနိုင်တာကို ချီးကျူးတယ်။ သိတိုင်းစာချရေးဖို့ လူတိုင်းမလုပ်နိုင်ဘူး။ ကျွန်တော်တောင် စာမရေးနိုင်တာ အတော်ကြာပြီ"ဟု ဆရာကြီး ဦးခင်မောင်အေးက ပြောသည်။ ဆရာဦးစိန်လှ၊ ဆရာဦးခင်အောင် (အငြိမ်းစားဥပဒေ အရာရှိကြီးများ) ကလည်း "မင်းဆောင်းပါးတွေ ဖတ်ရတယ်။ အတော်ရေးနိုင်သားပဲ။ အားပေးတယ်"ဟု တပည့်ကိုပြောသည်။ ဆရာများ၏ အတွေ့အကြုံတွေ သွားပြီးမေးရဦးမယ်။

**ရှေ့နေအသင်း**

မြန်မာနိုင်ငံရှေ့နေအသင်း (M.B.A) မှာကျွန်တော်က အမှုဆောင်(စာရင်းစစ်) ပါဝင်သည်။ ဥက္ကဋ္ဌ ဦးဝင်းစိန် (မကွယ်လွန်မီ) က (သူငယ်ချင်း၊ မင်းဆောင်းပါးတွေစုပြီး စာအုပ်ထုတ်ပါ၊ လူငယ်ရှေ့နေတွေအတွက် လမ်းညွှန်ပေါ့) ဟုပြောဖူးသည်။ ဦးစိန်ဝင်း (မြင်းခြံ)၊ ဦးသန်းဌေး၊ ဦးထွန်းလှိုင် အစရှိသော တရားလွှတ်တော်ရှေ့နေကြီးများကပါ ဥပဒေဆောင်းပါးရေးခြင်းကို နှစ်သက်အားပေးကြပါသည်။ ဖတ်ရှုပြီး လိုအပ်ချက်တွေပါ ထောက်ပြသည်။ စေတနာများစွာပါ။

**ပြည်နယ်၊တိုင်းအချို့**

ပြည်နယ်၊ တိုင်းအချို့သို့ တာဝန်နှင့်ရောက်သည်။ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ တရားသူကြီးများ၊ သတင်းထောက်များက ကျွန်တော့်ဆောင်းပါးများအကြောင်း မေးကြ၊ မြန်းကြ၊ ဝေဖန်ကြသည်။ ကျွန်တော်ကြည်နူးပါသည်။ ကြေးမုံ၊ မြန်မာ့အလင်း၊ မြဝတီ၊ ရတနာပုံ သတင်းစာများမှာ ဥပဒေရေးရာ၊ သတင်းရေးရာ ဆောင်းပါးများအစုံအလင်ပါအောင် ကျွန်တော်ကြိုးစားတင်ဆက်လျက်ပါ။ ဥပဒေကြမ်းများအကြောင်းများများရေးဖို့ လွှတ်တော် ကိုယ်စားလှယ်ကြီးများက ကျွန်တော့်ထံဖုန်းဆက်၊ ကိုယ်တိုင်တွေ့လျှင်လည်း တိုက်တွန်းကြသည်။ ပို၍အားတက်မိပါသည်။ ပုံမှန်ရေးနိုင်အောင် စာတွေပို၍ဖတ်၊ ပို၍မှတ်၊ ပို၍လေ့လာရဦးမည်။ ပြည့်စုံသူဟူ၍ မရှိနိုင်။ သိတာတွေလည်း မေးရဦးမည်။ မသိ၊ မကျွမ်းဘဲနှင့်တော့ ဆောင်းပါးတစ်ပုဒ် မရေးတာက အကောင်းဆုံး။ စာဖတ်ပရိသတ်ကို အစဉ်လေးစားရမည်။

**စေတနာ**

(၁) ခင်ဗျားဆောင်းပါး ဖတ်ရဲ့လားဟု မေးသူကို ဘယ်လိုပြန်ဖြေရပဲ့။

(၂) ဖတ်သူအချို့ရှိတာ သေချာပြီ။ အရေအတွက်တော့ နည်းချင်နည်းပေလိမ့်မည်။

(၃) မည်သို့ဆိုစေ "ဥပဒေဗဟုသုတမျှဝေမည်" ဟူသော ကျွန်တော့်စေတနာကိုတော့ မဖျောက်နိုင်၊ မပျောက်နိုင်ဟု တွေးမိသော ကျွန်တော့်၏စေတနာ ဥပဒေအတွေးမျှသာ...။

**ခက်ခဲလေးနက်လှသော ဖတ်ရ၊ မှတ်ရ ခက်ခဲလှသော ဥပဒေပုဒ်မများအကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေ အကြောင်း၊ ဓမ္မသတ်တွေအကြောင်းကို အများနားလည် အောင် ရေးတတ်၊ ပြောတတ်၊ ဟောတတ်လွန်း သော ဆရာတစ်ဆူ၊ ဥပဒေပါရဂူမှာ ဆရာကြီး ဒေါက်တာမောင်မောင်ပါ**

---

## စလင်းအထက၁ သက်ငယ်မှုဒိမ်းကာကွယ်ရေး ဟောပြော

**စလင်း မေ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထက(၁) ရာပြည့်ခန်းမ၌ မေ ၂၂ ရက်က မူခင်းကျဆင်းရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲတွင် မြို့နယ်မှူး ရဲမှူးငွေတင်က ဦးဆောင်ဟောပြောရာ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေး သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ ယာဉ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာများကို ပရိုဂျက်တာဖြင့် ပြသဟောပြောခဲ့သည်။ ယင်းဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူးဦးမြင့်ဦး မြို့နယ်အခြေပြုသင်တန်းသို့ တက်ရောက်လျက်ရှိသော သင်တန်းသားဆရာ ဆရာမ ၁၈၆ ဦးနှင့် အခြားဆရာဆရာမများ တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သားငါးမွေးမြူထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၅**

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သားငါးမွေးမြူထုတ်လုပ်မှုကဏ္ဍများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCC ၌ မေလတတိယပတ်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။



မွေးမြူထုတ်လုပ်မှုကဏ္ဍများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတို့ လက်တွဲညီညီ ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း၊ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် အဓိကအခြေခံလုပ်ကွက်ငယ်တောင်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးကို အထောက်အကူပြုနိုင်မည့် မူဝါဒများ၊ အစီအမံများ၊ ဥပဒေများကို ပိုမိုခိုင်မာသေချာစေရန် လိုအပ်သော ပြင်ဆင်မှုများအား ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မကြာမီ လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ရာ လုပ်ငန်းရှင်များ၊ တောင်သူများဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများဖြစ်ကြသော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများ အလိုက်ဆောင်ရွက်နေမှုနှင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများထက်ပိုမိုတိုးမြှင့် လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ၊ ကြုံတွေ့နေရသော လုပ်ငန်းခွင်အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဆောင်ရွက်နိုင်ရေးလိုအပ်ချက်များအား ဆွေးနွေးတင်ပြကြရာ အမြဲတမ်းအတွင်းဝန်ဒေါက်တာခင်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကဌာနဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဖော်ထုတ်ပြီးစီးသော လယ်ယာမြေဧက ၂၀၀ အား လယ်မဲ့ယာမဲ့တောင်သူများထံသို့ ခွဲဝေပေးအပ်

**ဖောင်းပြင် မေ ၂၅**

ဖောင်းပြင်မြို့နယ် မန်မော်အုပ်စု မန်မော်ကျေးရွာနှင့် နှစ်မိုင်ခန့်ဝေးသော လယ်ယာမြေဧကအသစ်၌ ဖော်ထုတ်ပြီးစီးသော လယ်ယာမြေဧက ၂၀၀ အား လယ်မဲ့ယာမဲ့တောင်သူများ ထံသို့ ခွဲဝေပေးအပ်သည့် အခမ်းအနားကို မေ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကမ်ဇာမုန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးဌာန ဦးစီးမှူး ဦးရွှေဝင်းက လယ်မြေဧက ၂၀၀ အား ဖော်ထုတ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးမြေဧက ၂၀၀ အား လယ်မဲ့ယာမဲ့တောင်သူများထံသို့ တစ်ဦးချင်းစီအလိုက် မဲနှိုက်ကာ ဖြန့်ဝေပေးခဲ့ပြီး မဲမပေါက်သူတောင်သူများအား Sky Win ကုမ္ပဏီမှ ငွေကျပ် ၁၀၀၀၀ စီချီးမြှင့်ပေးအပ်ခဲ့ပြီး ဝန်ကြီးက ဖော်ထုတ်ပြီးစီးသည့် လယ်ယာမြေများအား မန်မော်ကျေးရွာသူ ကျေးရွာသားများကိုယ်စား မန်မော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းထံသို့ အပ်နှံခဲ့သည်။

ဆက်လက်ပြီး တောင်သူများကိုယ်စား မန်မော်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက "အခုလို မြေမဲ့ယာမဲ့တောင်သူတွေကို တိုင်းဒေသကြီးအစိုးရက မြေလွတ်မြေရိုင်း ဧက ၂၀၀ ကို ဖော်ထုတ်ပြီး မဲနှိုက်ခွဲဝေပေးခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ လယ်ယာမြေရရှိတဲ့တောင်သူတွေ စိုက်ပျိုးနိုင်ပြီဖြစ်လို့ စိုက်ရေးပျိုးရေးတွေမှာ များစွာအဆင်ပြေတော့မှာပါ" ဟု ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကချင်ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြင့် မက်သဒုံးဆေးရည်တိုက်ကျွေးသူ ငါးထောင်ကျော်ရှိ

**မြစ်ကြီးနား မေ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဟော်တယ်မီဒီယာ အစည်းအဝေးခန်းမ၌မေ ၂၂ ရက်က ကျင်းပသော မူးယစ်ဆေးစွဲရောဂါကာကွယ်ကုသရေးနှင့် မက်သဒုံးဆေးရည်အစားထိုးတိုက်ကျွေးရေး သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် လူဦးရေ ၅၀၀၀ ကျော်ကို စင်တာ ၁၅ ခုတွင် မက်သဒုံးဆေးရည် တိုက်ကျွေးနေမှုများ ဆောင်ရွက်ပေးနေကြောင်း မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနစီမံချက် မန်နေဂျာ ဒေါက်တာနန္ဒာမျိုးအောင်ဝင်းက ပြောသည်။



မူးယစ်ဆေးစွဲနေသူများကို မက်သဒုံးဆေးရည်တိုက်ကျွေးပေးသည့်အပြင် HIV ပိုး ရှိ မရှိစစ်ဆေးပေးပြီး ပိုးရှိလျှင် ART ဆေးရရှိစေရန် ပြုလုပ်ပေးခြင်း၊ အသည်းရောင်အသားဝါ ဘီပိုးစီပိုးနှင့် တီဘီရောဂါရှိ မရှိ စစ်ဆေးပေးခြင်းအပြင် အခြားပညာပေးအစီအစဉ်များပါ ဆောင်ရွက်ပေးကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါသင်တန်းတွင် မူးယစ်ဆေးစွဲ ရောဂါကုသရေးနှင့် သုတေသန စီမံချက် မန်နေဂျာ ဒေါက်တာနန္ဒာမျိုးအောင်ဝင်းနှင့်အဖွဲ့ဝင်များက မေ ၂၂ ရက်မှ ၂၅ ရက်အထိ ပြည်နယ်အတွင်းရှိ မူးယစ်ဆေးတိုက်ကျွေးရေးအဖွဲ့မှ ဆရာဝန် ၃၀ ကို မူးယစ်ဆေးစွဲကုသခြင်း၊ မက်သဒုံးဆေးရည်တိုက်ကျွေးခြင်း စသည့်ခေါင်းစဉ်များဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းဖွင့်လှစ်ရခြင်းသည် ကျန်းမာရေးဝန်ထမ်းများ၏ မူးယစ်ဆေးစွဲရောဂါကုသရေး စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ မူးယစ်ဆေးစွဲရောဂါကုသသည့် လုပ်ငန်းများကို ပိုမိုအရည်အသွေးမီစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ၂၀၁၇ မိုးရာသီစိုက်စရိတ်ချေးငွေများထုတ်ချေး

### မြစ်သား

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးစပါးစိုက်ပျိုးတောင်သူများအား ၂၀၁၇ ခုနှစ် မိုးစပါးသီးနှံ ချေးငွေကျပ် သန်းတစ်သောင်းခန့် ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ချေးငွေများကို မြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၈၈ အုပ်စုမှ ချင်းရွာအုပ်စုရှိ တောင်သူ ဦးရေ ၈၆ဦး၊ မိုးစပါး ၂၇၄ ဧက၊ ပဲတီစိမ်း ၅၂ ဧကအတွက် စုစုပေါင်းချေးငွေကျပ်၄၃၂သိန်းကို မေ ၂၃ရက်က စတင်ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

### မိတ္ထီလာ

၂၀၁၇ မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို မိတ္ထီလာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ကျေးရွာအုပ်စု ၅၅ အုပ်စုရှိ တောင်သူများအတွက် ဘဏ်ချေးငွေကျပ် ၅၂၆၂၅ သိန်းလျာထား ထုတ်ချေးပေးသွားမည်ဖြစ်ပြီး မေ ၂၃ ရက်က ညောင်ကိုင်းကျေးရွာအုပ်စုမှ အစုအဖွဲ့ ၃၈ ဖွဲ့တောင်သူ ၁၀၇ ဦးအတွက် ငွေကျပ် ၅၆၁ သိန်း စတင်ထုတ်ချေးပေးခဲ့သည်။

အဆိုပါ ဘဏ်ခွဲအနေဖြင့် ဘဏ်ချေးငွေထုတ်ချေးရာတွင် မိတ္ထီလာ၌ ငွေကျပ် ၅၂၆၂၅ သိန်း၊ မလှိုင်၌ငွေကျပ်သိန်း ၅၂၀၀၀၊ သာစည်၌ ငွေကျပ် ၈၆၅၂၅ သိန်း၊ ဝမ်းတွင်း၌ ငွေကျပ်သိန်း ၁၁၈၀၀၀ စုစုပေါင်း မြို့နယ်လေးခုတွင် ငွေကျပ်သိန်း ၃၀၉၁၅၀ လျာထားထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ )**

### တောင်ငူ

တောင်ငူခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ ၂၃ ရက်က ချောက်ပင်ချောင်းကျေးရွာအုပ်စုရှိ မိုးစပါးစိုက်တောင်သူ ၄၉ ဦးအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ချေးငွေများကို တောင်ငူမြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၈ အုပ်စုရှိ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ တောင်သူများအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ဩဂုတ်လကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း( ပြည်)**

### မလှိုင်

မလှိုင်မြို့နယ်အတွင်းရှိ တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ) မှ ၂၀၁၇ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၃ ရက်မှစတင်၍ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည် ။

ဆက်လက်၍ ယင်းနေ့က သိမ်ကုန်းကျေးရွာမှ တောင်သူ ၁၇၁ ဦး၊ ယာမြေ ၁၁၆၁ ဧကအတွက် ငွေကျပ် ၅၈၀ ဒသမ ၅ သိန်း ၊ ထန်းတောကျေးရွာမှ တောင်သူ ၅၃ ဦး ယာမြေ ၃၇၆ ဧကအတွက် ငွေကျပ် ၁၈၈သိန်း ထုတ်ချေးပေးခဲ့သည်။

မလှိုင်မြို့နယ်တွင် မြို့မအပါဝင် ကျေးရွာအုပ်စု ၅၃ အုပ်စု ၊ တောင်သူ ၁၃၀၀၀၊ လယ်မြေဧက ၉၀၀၀၊ ယာမြေဧက ၇၇၀၀၀ ရှိပြီး စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်း၊ နှမ်း၊ ပဲစင်းငုံနှင့် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ငွေကျပ်သိန်း ၅၂၀၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

### မန္တလေး

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၇ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၃ မြို့နယ်မှ ကျေးရွာအုပ်စုပေါင်း ၁၂၅၃ အုပ်စု တောင်သူပေါင်း ၂၄၀၄၁၃ ဦးအတွက် ချေးငွေကျပ် ၁၂၉၁၉၂ ဒသမ ၃၅ သန်းကို ထုတ်ချေးသွားရန် လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း တိုင်းဒေသကြီး မန်နေဂျာဦးဝင်းမြင့်ထံမှ သိရသည်။

အလားတူ ပုသိမ်ကြီးမြို့နယ် တဘက်ကျေးရွာအုပ်စုရှိ တောင်သူ ၁၂၂ ဦး၏ စပါးစိုက်ဧက ၄၅၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၇ ဒသမ ၆၅ သန်း ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### ငဖဲ

မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ တောင်သူများအား ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ ၂၃ ရက်က ငဖဲမြို့နယ် ဇင်ပွန်းကျေးရွာ အစုအဖွဲ့ ၃၃ဖွဲ့၊ အဖွဲ့ဝင်ဦးရေ ၉၅ ဦးနှင့်တွေ့ဆုံကာ မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး အဆိုပါကျေးရွာမှ စပါးစိုက်ဧက ၁၉၈ ဧက၊ နှမ်းစိုက် ၁၅ ဧက စုစုပေါင်းစိုက်ဧက ၂၁၃ ဧကအတွက် ငွေကျပ် ၃၀၄၅၀၀၀၀ ကို စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု ၂၃ အုပ်စုသို့ တောင်သူအဖွဲ့ဝင် ၃၂၅၀ အား စပါးတစ်ဧကလျှင်ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၆၆၂၅ ဧကအတွက် ငွေကျပ် ၉၉၃ ဒသမ ၇၅ သန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၆ ဒသမ ၇၉၄ ဧက အတွက် ငွေကျပ်သန်း ၃၃၉ ဒသမ ၇၀ ကို တောင်သူများလက်ဝယ်သို့ ဇူလိုင်လအတွင်း အပြီးထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး

ဆောင်းပါး - ဒေါက်တာခိုင်ခိုင်ဝင်း

Institute for Economic and Peace မှ နှစ်စဉ်ထုတ်ဝေလျက်ရှိသည့် Global Peace Index ၏ ၂၀၁၆ ခုနှစ် အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်း၌ ငြိမ်းချမ်းရေးများ နည်းပါးလာနေပြီး ငြိမ်းချမ်းမှုရှိသောနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းမှုမရှိသောနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု မညီမျှမှုများမှာလည်း ကြီးမားလျက်ရှိသည်ဟူ၍ ဖော်ပြထားခဲ့ပါသည်။ ကမ္ဘာကြီး၏ နေရာအများအပြားတွင် အကြောင်းအမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးကြောင့် ပဋိပက္ခများ၊ စစ်ပွဲများသည် ယနေ့တိုင်ဖြစ်ပွားနေပြီး အဆိုပါ ပဋိပက္ခများ၊ စစ်ပွဲများ၏ နောက်ဆက်တွဲဆိုးကျိုးများကိုလည်း ကမ္ဘာသူ ကမ္ဘာသားအနေဖြင့် ခံစားနေကြရကာ နေ့စဉ် တိုက်ပွဲများ၊ ပဋိပက္ခများသည် နေရာအနှံ့တွင် ဖြစ်ပွားဆဲဖြစ်ပါသည်။

ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရခြင်း၊ ရေရှည် နိုင်ငံရေးဒုက္ခသည်များ၏ ပြဿနာများရှိနေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ အခြေခံအဆောက်အအုံ ပျက်စီးခြင်းများ ဖြစ်ပွားလျက်ရှိပြီး ပဋိပက္ခများကြောင့် ခံစားရသည့် နောက်ဆက်တွဲ ဆိုးကျိုးများသည်လည်း အမျိုးသား၊ အမျိုးသမီး၊ ကလေးများ တစ်အုပ်စုနှင့်တစ်အုပ်စု မတူကွဲပြားစွာ ထိခိုက်ခံစားကြရပါသည်။

အမျိုးသမီးများသည် ပင်ကိုအားဖြင့် ထိခိုက်လွယ်သောအုပ်စု(vulnerable group) တွင် ပါဝင်သူများဖြစ်ကြပါသည်။ အများအားဖြင့် အားနွဲ့သူ၊ အားနည်းသူများဟု မြင်တတ်ကြပါသည်။ အမျိုးသမီးများသည် အိမ်ထောင်၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အို ဆွေမျိုးသားချင်းများကို ထိန်းသိမ်းစောင့်ရှောက်ရသည့် တာဝန်များယူရန် လူမှုရေးအရ ဝတ္တရားများရှိသည်ဟုလည်း အများက မြင်ထားကြပါသည်။

ပဋိပက္ခနှင့် စစ်ပွဲကာလများအတွင်း အမျိုးသမီးများသည် စီးပွားရေး၊ လူမှုရေးများ၏ ဆိုးကျိုးများကို ခံစားကြရပြီး မိသားစုဝင်များနှင့် ကလေးများ၏ စီးပွားရေး၊ လူမှုရေးများကို တာဝန်ယူကြရပါသည်။ မိသားစုဝင်များ ဆုံးရှုံးရခြင်း၊ စားဝတ်နေရေးအခက်အခဲများ ဖြေရှင်းရခြင်း၊ စစ်ပွဲများကြောင့် မသန်စွမ်းဖြစ်သွားရသူ မိသားစုဝင်များအား စောင့်ရှောက်ရခြင်း၊ မိဘဘိုးဘွား သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရခြင်း၊ ကလေးသူငယ်များအား စောင့်ရှောက်ရခြင်း၊ နေထိုင်ရာ မြေနေရာများ စွန့်ခွာခဲ့ရသည့်အတွက် မိသားစုများနေထိုင်ရေး အခက်ကြုံတွေ့ခြင်း၊ ကျန်းမာရေးပြဿနာများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများ၊ မလုံခြုံခြင်း၊ ကြောက်ရွံ့နေရခြင်း စသည့်အခက်အခဲများစွာ တွေ့ကြုံခံစားကြရပါသည်။ အမျိုးသားများသည် တိုက်ခိုက်ရေးသမားများ၊ ဆုံးဖြတ်ချက်ချသူများ ဖြစ်သော်လည်း စစ်ပွဲများ၏ နောက်ဆက်တွဲ ဆိုးကျိုးအခက်အခဲများတွင် အဓိက ကူညီပံ့ပိုး ဖြေရှင်းပေးနေသူများမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ သေချာသည်မှာ အမျိုးသမီးများနှင့် ကလေးများသည် စစ်ပွဲများ၊ ပဋိပက္ခများ၏ ဆိုးကျိုးများကို ယှဉ်တွဲရရှိ ခံစားနေရသူများ ဖြစ်ပါသည်။



ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ ပြယုဂ်တစ်ခုဖြစ်သည့် UNHCR ကိုယ်စားလှယ် သရုပ်ဆောင် အိန်ဂျယ်လီနာဂျိုလီ မြန်မာနိုင်ငံ ကချင်ပြည်နယ်သို့ လာရောက်စဉ်က ဒေသခံကလေးများအား တွေ့ဆုံနေစဉ်

အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ သားသမီးများနှင့် မျိုးဆက်များ၏ ရှေ့အနာဂတ် မျှော်လင့်ချက်များ ပျောက်ဆုံးသည့် ခံစားချက်မျိုးလည်း ခံစားကြရပါသည်။ သို့အတွက် ငြိမ်းချမ်းရေးကို အမျိုးသမီးများက ပိုမို မျှော်လင့်တောင့်တကြပါသည်။ စစ်ပွဲများ၏ နောက်ဆက်တွဲဆိုးကျိုးများကို ကြီးမားစွာ ခံစားကြရသူများမှာ အမျိုးသမီးများဖြစ်နေကြပြီး စစ်ပွဲများ၊ ပဋိပက္ခများအပေါ် အမျိုးသားများ တွေ့ကြုံခံစားရသည့် အတွေ့အကြုံများသည် အမျိုးသမီးများ တွေ့ကြုံခံစားရသည်များနှင့် မတူညီ ကွဲပြားသဖြင့် ငြိမ်းချမ်းရေးအဓိပ္ပာယ်၊ ငြိမ်းချမ်းရေးအပေါ် သိမြင်နားလည်မှုသည်လည်း မတူညီဘဲ ကွဲပြားကြပါသည်။

သုတေသန တွေ့ရှိချက်များအရ အမျိုးသမီးအများစုသည် ငြိမ်းချမ်းရေး၏ ဝေါဟာရအဓိပ္ပါယ်ကို တိုက်ခိုက်မှုများ ရပ်ဆိုင်းသွားခြင်း ဆိုသည့် တစ်ခုတည်းသောအကြောင်းအရာအား ပြောသည်မဟုတ်ဘဲ လွတ်လပ်မှု၊ ဖွံ့ဖြိုးရေး၊ တရားမျှတမှု၊ လူ့အခွင့်အရေးများနှင့်ကိုက်ညီစွာ နေထိုင်ရမှု စသည့် အဓိပ္ပာယ်များပါ ပါဝင်နေသည်ဟု ယုံကြည်လျက်ရှိကြပါသည်။

အမျိုးသမီးများ၏ အတွေ့အကြုံများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အလွန်အသုံးဝင်သည့် အတွေ့အကြုံများ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ ပါဝင်လာစေပြီး ၎င်းတို့၏ ဦးစားပေး စဉ်းစားသုံးသပ်ချက်များသည် ငြိမ်းချမ်းရေးရရှိရေး တစ်ခုတည်းအတွက်သာမက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းရေးအတွက်ပါ ထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အမှန်ပင် အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်သည်။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) နိဒါန်းပိုင်းတွင် "နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှု ၊ ကမ္ဘာ့အကျိုးနှင့် ငြိမ်းချမ်းစေသည့် အကြောင်းတရားတို့တွင် ကဏ္ဍအသီးသီး၌ အမျိုးသားများနှင့် တန်းတူရှိစေသော အမျိုးသမီးများ၏ အမြင့်မားဆုံးသော ပါဝင်ဆောင်ရွက်မှုရှိရန် လိုအပ်ကြောင်း"ဟု ဖော်ပြရေးသားထားခြင်းသည် ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်သင့်သည်ဆိုသည့်အချက်ကို ထောက်ခံပေးခြင်းမည်ပါသည်။ အမျိုးသမီးများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်စေခြင်းသည် အမျိုးသမီးများ၏ အခွင့်အရေးလည်း ဖြစ်စေသလို ကျား-မ တန်းတူညီမျှမှုအတွက် ကြိုးပမ်းမှုလည်းဖြစ်ပေသည်။

၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ ပြဋ္ဌာန်းခဲ့သည့် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း "Women's Political Participation" (A/RES/66/130)တွင် ထပ်လောင်း အတည်ပြုထားသည်မှာ အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသားများနှင့် ညီတူညီမျှ အခွင့်အရေး ရရှိမှုတို့သည် တန်းတူညီမျှမှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတို့အတွက် မရှိမဖြစ် အရေးပါသည်ဟူ၍ ဖြစ်ပါသည်။ ပဋိပက္ခများမှ အမျိုးသမီးများ ရရှိသည့် အတွေ့အကြုံများကြောင့် ၎င်းတို့အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခအလွန်လုပ်ငန်းစဉ်များတွင် ပိုမို ပါဝင်လာစေသင့်ပါသည်။

ပဋိပက္ခများတွင် အမျိုးသမီးများသည် ပဋိပက္ခ၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေရသူများ ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး အလွန် ပြန်လည်တည်ဆောက်ရေးကာလများနှင့် ပဋိပက္ခများ မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ခြင်းများတွင် ၎င်းတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြု ပါဝင်လာစေသင့်ပါသည်။ အကြောင်းမှာ အမျိုးသမီးများသည် ယောက်ျား၊ မိန်းမ၊ ကလေးများနှင့် သက်ကြီးရွယ်အို လူသားအားလုံး၏ ဘဝတိုးတက်စေရေး မျှော်မှန်း၍ ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် ဖြစ်သည်။ အလားတူ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်စေခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုအပေါ် ထည့်သွင်းစဉ်းစား ဖြေရှင်းပေးနိုင်ခြင်း၊ အမျိုးသမီးတို့၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် စစ်ပွဲများ၊ ပဋိပက္ခများ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် မိသားစု ထိခိုက်မှုများ၊ ရုပ်ရှာထိခိုက်မှုများကို ယှဉ်တွဲသိမြင် ခံစားနေရ၍ ငြိမ်းချမ်းရေးကို လိုလားလျက်ရှိနေကြသည့် အမျိုးသမီးများအတွက် ငြိမ်းချမ်းရေးများရရှိ၍ ငြိမ်းချမ်းရေးအသီးအပွင့်များကိုလည်း အမြန်ဆုံး ခံစားနိုင်ပါစေကြောင်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

**ပဋိပက္ခနှင့် စစ်ပွဲကာလများအတွင်း အမျိုးသမီးများသည် စီးပွားရေး၊ လူမှုရေးများ၏ ဆိုးကျိုးများကို ခံစားကြရပြီး မိသားစုဝင်များနှင့် ကလေးများ၏ စီးပွားရေး၊ လူမှုရေးများကို တာဝန်ယူကြရပါသည်။ မိသားစုဝင်များ ဆုံးရှုံးရခြင်း၊ စားဝတ်နေရေးအခက်အခဲများ ဖြေရှင်းရခြင်း၊ စစ်ပွဲများကြောင့် မသန်စွမ်းဖြစ်သွားရသူ မိသားစုဝင်များအား စောင့်ရှောက်ရခြင်း၊ မိဘဘိုးဘွား သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရခြင်း၊ ကလေးသူငယ်များအား စောင့်ရှောက်ရခြင်း၊ နေထိုင်ရာမြေနေရာများ စွန့်ခွာခဲ့ရသည့်အတွက် မိသားစုများနေထိုင်ရေး အခက်ကြုံတွေ့ခြင်း၊ ကျန်းမာရေးပြဿနာများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု၊ မလုံခြုံခြင်း၊ ကြောက်ရွံ့နေရခြင်းစသည့် အခက်အခဲများစွာ တွေ့ကြုံခံစားကြရပါသည်။ အမျိုးသားများသည် တိုက်ခိုက်ရေးသမားများ၊ ဆုံးဖြတ်ချက်ချသူများဖြစ်သော်လည်း စစ်ပွဲများ၏ နောက်ဆက်တွဲ ဆိုးကျိုးအခက်အခဲများတွင် အဓိက ကူညီပံ့ပိုး ဖြေရှင်းပေးနေသူများမှာ အမျိုးသမီးများဖြစ်ကြပါသည်။**

# ၃-၄-၃ ဖျူဟာမှာ ကွန်တီကို အာစင်ဝင်းဂါးအသာရနိုင်မလား

ဝေမိုးဆက်

**အက်ဖ်အေဖလားဆုံတွေ့မှု**

| | | |
|---|---|---|
| အာဆင်နယ် | ၁-၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၂-၁ | ချယ်လ်ဆီး |
| အာဆင်နယ် | ၂-၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၃-၁ | ချယ်လ်ဆီး |
| အာဆင်နယ် | ၂-၀ | ချယ်လ်ဆီး |
| အာဆင်နယ် | ၃-၁ | ချယ်လ်ဆီး |
| အာဆင်နယ် | ၂-၁ | ချယ်လ်ဆီး |
| အာဆင်နယ် | ၂-၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၃-၀ | ချယ်လ်ဆီး |
| အာဆင်နယ် | ၁-၁ | ချယ်လ်ဆီး |
| အာဆင်နယ် | ၁-၀ | ချယ်လ်ဆီး |
| အာဆင်နယ် | ၂-၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၁-၁ | ချယ်လ်ဆီး |
| အာဆင်နယ် | ၁-၁ | ချယ်လ်ဆီး |
| အာဆင်နယ် | ၀-၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၁-၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၁-၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၂-၀ | ချယ်လ်ဆီး |
| အာဆင်နယ် | ၀-၁ | ချယ်လ်ဆီး |

အက်ဖ်အေဖလားပြိုင်ပွဲရဲ့နောက်ဆုံးဗိုလ်လုပွဲကို လာမယ့်မေလ ၂၇ ရက် နေ့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ လန်ဒန်အခြေစိုက်အသင်းတွေဖြစ်တဲ့အပြင် ပရီမီယာလိဂ်ရဲ့အသင်းကြီးတွေလည်းဖြစ်တဲ့ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ဆုံတွေ့နေတာကြောင့်စိတ် ဝင်စားဖို့ကောင်းနေပါတယ်။

**ဒီနှစ်ဘောလုံးရာသီမှာ အာဆင်နယ်ဟာလက်ရှိအချိန်အထိ အောင်မြင်မှုတစ်စုံတစ်ရာရယူနိုင်ခြင်း မရှိသေးပါဘူး။ ဒါ့အပြင် အာဆင်နယ်ဟာ မနှစ်ကရာသီမှာလည်း ဆုဖလား လက်မဲ့ဖြစ်ခဲ့ရကာ ပရီမီယာလိဂ်ဆုဖလားကို လည်းဆယ်စုနှစ်တစ်ခုကျော် ရယူနိုင်ခြင်းမရှိခဲ့တာကြောင့် အာဆင်ဝင်းဂါးအနေနဲ့ ဖိအားတွေ ရင်ဆိုင်နေရကာ အသင်းကနုတ်ထွက်ဖို့ကိုတောင် ပရိသတ်တွေက တောင်းဆိုခြင်းကိုခံနေရပါတယ်။**

အထူးသဖြင့် ဒီနှစ်ဘောလုံးရာသီမှာ အာဆင်နယ်ဟာလက်ရှိအချိန်အထိ အောင်မြင်မှုတစ်စုံတစ်ရာရယူနိုင်ခြင်းမရှိသေးပါဘူး။ ဒါ့အပြင် အာဆင်နယ်ဟာမနှစ်ကရာသီမှာလည်း ဆုဖလားလက်မဲ့ဖြစ်ခဲ့ရကာ ပရီမီယာလိဂ်ဆုဖလားကိုလည်းဆယ်စုနှစ်တစ်ခုကျော် ရယူနိုင်ခြင်းမရှိခဲ့တာကြောင့် အာစင်ဝင်းဂါးအနေနဲ့ ဖိအားတွေရင်ဆိုင်နေရကာ အသင်းကနုတ်ထွက်ဖို့ကိုတောင် ပရိသတ်တွေက တောင်းဆိုခြင်းကိုခံနေရပါတယ်။ ဒါကြောင့်လည်း အာစင်ဝင်းဂါးအတွက် ဒီဆုဖလားဟာ ဂုဏ်သိက္ခာအရရော၊ အနာဂတ်အတွက်ပါ အရေးပါတဲ့ ဆုဖလားဖြစ်နေသလို အာဆင်နယ်အတွက်လည်းဆုဖလား လက်မဲ့မဖြစ်ရေး အဓိကကျတဲ့ဆုဖလားဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အာဆင်နယ်အနေနဲ့ နိုင်ပွဲရကာဗိုလ်စွဲနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။

ဒါ့အပြင်လက်ရှိအချိန်မှာ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ဆုဖလားကို ရယူထားနိုင်တာ မှန်ပေမယ့်လည်း ကွန်တီအနေနဲ့ ဒီအက်ဖ်အေဖလားကိုပါအရ ယူနိုင်အောင်အားစိုက်လာဖို့ရှိနေပါသေးတယ်။ အထူးသဖြင့် ချယ်လ်ဆီးဟာအီတလီလူမျိုးမန်နေဂျာတွေနဲ့အောင်မြင်မှု ရယူတတ်တဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးရာမှာ အန်ဆယ်လော့တီ၊ ဒီမတ်တီယိုတို့ဟာ စတင်ကိုင်တွယ်တဲ့ရာသီမှာတင် ချယ်လ်ဆီးကို ဆုဖလားနှစ်လုံးဆွတ်ခူးပေးနိုင်ခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ကွန်တီအနေနဲ့ အဆိုပါစံချိန်တွေကို လိုက်မီနိုင်ဖို့ ဒီအက်ဖ်အေဖလားကိုပါ အရယူနိုင်အောင် ပြင်ဆင်လာမှာဖြစ်တဲ့အပြင် ချယ်လ်ဆီးအနေနဲ့ အက်ဖ်အေဖလားကို မယူနိုင်ခဲ့တာဟာ လေးနှစ်ရှိခဲ့ပြီဖြစ်တာကြောင့် တစ်ကျော့ပြန် အောင်မြင်မှုရဖို့အတွက် အားစိုက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်ဟာ အကြိတ်အနယ်ရှိနိုင်တဲ့အပြင် လန်ဒန်ဒါဘီပြိုင်ဘက်တွေဖြစ်တာကြောင့်လည်း ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်နိုင်ပါတယ်။

အထူးသဖြင့် လက်ရှိအချိန်မှာဆိုရင်လည်း အာဆင်နယ်ရဲ့ခြေစွမ်းပိုင်းက ပြန်လည်ကောင်းမွန်လာတာကို တွေ့ရပါတယ်။ အာစင်ဝင်းဂါး

**အာဆင်နယ်၏ အက်ဖ်အေဖလားရရှိမှု**

၁၂ ကြိမ် - ၁၉၃၀၊ ၁၉၃၆၊ ၁၉၅၀၊ ၁၉၇၁၊ ၁၉၇၉၊ ၁၉၉၃၊ ၁၉၉၈၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၁၄၊ ၂၀၁၅

**ချယ်လ်ဆီး၏ အက်ဖ်အေဖလားရရှိမှု**

၇ ကြိမ် - ၁၉၇၀၊ ၁၉၉၇၊ ၂၀၀၀၊ ၂၀၀၇၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၂

**အာဆင်နယ်နှင့် ချယ်လ်ဆီးတို့၏ အက်ဖ်အေဖလားခြေစွမ်းနှိုင်းယှဉ်ချက်**

| အာဆင်နယ် | | ချယ်လ်ဆီး |
|---|---|---|
| ပရက်စတန် ၁-၂ အာဆင်နယ် | တတိယအဆင့် | ချယ်လ်ဆီး ၄-၁ ပီတာဘရော့ချ် |
| ဆောက်သမ်တန် ၀-၅ အာဆင်နယ် | စတုတ္ထအဆင့် | ချယ်လ်ဆီး ၄-၀ ဘရန့်ဖို့ဒ် |
| ဆက်တန် ၀-၂ အာဆင်နယ် | ကပဥ္စမအဆင့် | ဝုဗ် ၀-၂ ချယ်လ်ဆီး |
| အာဆင်နယ် ၅-၀ လင်ကွန်း | ကွာတား | ချယ်လ်ဆီး ၁-၀ မန်ယူ |
| အာဆင်နယ် ၂-၁ မန်စီးတီး | ဆီမီး | ချယ်လ်ဆီး ၄-၂ စပါးစ် |

အနေနဲ့ ဒီနောက်ပိုင်းပွဲတွေမှာ ၃-၄-၃ ကစားကွက်ကို ပြောင်းလဲအသုံးပြုခဲ့ရာမှာ တိုက်စစ်ပိုင်းက အားကောင်းခဲ့သလို ခံစစ်ကစားပုံလည်းတည်ငြိမ်ခဲ့တာတွေ့ရပါတယ်။ အိုလ်ဇေး၊ ဆန်းချက်ဇ်၊ ဂျရူး၊ ရမ်ဆေးစတဲ့ကစားသမားတွေအားလုံးခြေစွမ်းပြနိုင်နေတာကြောင့်လည်း အာဆင်နယ်ရဲ့အသင်းလိုက်ကစားပုံက အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်အနေနဲ့ မန်ယူ၊ ဆောက်သမ်တန်၊ စတုတ်၊ ဆန်းဒါးလန်းတို့ကို ဆက်တိုက်အနိုင်ရခဲ့သလို ခံစစ်ပိုင်းက တစ်ဂိုးသာပေးခဲ့ရကာ တိုက်စစ်ပိုင်းကလည်း ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် အာဆင်နယ်အနေနဲ့ ဒီပွဲစဉ်မှာလည်း ချယ်လ်ဆီးကို အကောင်းဆုံး တုံ့ပြန်ကစားသွားနိုင်ဖို့ရှိနေပါတယ်။

ဒါပေမယ့်လည်း လက်ရှိရာသီမှာ ချယ်လ်ဆီးကလည်း အကောင်းဆုံးခြေစွမ်းကိုရရှိနေတဲ့ အသင်း ဖြစ်ပါတယ်။ ဟာဇက်၊ ကော်စတာ၊ ပက်ထရို၊ မာတစ်၊ ကန် တီ၊ လူးဝစ်ဇ်၊ အက်စ်ပီလီကျူတာစတဲ့ ကစားသမားတွေအားလုံးဟာ ဒီရာသီမှာတောက်လျှောက်ခြေစွမ်းပြခဲ့တာကိုပါ တွေ့ရပါတယ်။ ဒါ့အပြင် အာစင်ဝင်းဂါးဟာ ၃-၄-၃ ပုံစံကို ပြောင်းလဲအသုံးပြုခဲ့ရာမှာ အသင်းခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်လာတာမှတ်ပေမယ့်လည်း ကွန်တီက အဆိုပါ ၃-၄-၃ ကစားကွက်ကို ရာသီအစပိုင်းကတည်းက အသုံးပြုခဲ့တာဖြစ်သလိုအသင်းကို တောက်လျှောက် တည်ငြိမ်အောင်ကိုင်တွယ်နိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးကစားသမားတွေဟာ အဆိုပါ ၃-၄-၃ ပုံစံနဲ့ ပိုမိုအသားကျမှုရှိခဲ့သလို အရန်ကစားသမားအင်အားပိုင်းမှာလည်း ဖာဘရီဂက်စ်၊ ဘက်ရှူရီ၊ ဝီလီယံတို့ရှိနေတဲ့ ချယ်လ်ဆီးကပွဲကို ပိုမိုအပြောင်းအလဲလုပ် နိုင်ခွင့်ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ အာဆင်နယ်အနေနဲ့ဆု ဖလားလက်မဲ့မဖြစ်ဖို့ အားစိုက်လာမှာ မှန်ပေမယ့်လည်း ချယ်လ်ဆီးကိုအသာရဖို့တော့ ရုန်းကန်ရနိုင်ပါတယ်။

ဒီရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း နှစ်ကြိမ်ဆုံခဲ့ရာမှာတော့ ချယ်လ်ဆီးကအိမ်ကွင်းမှာ နိုင်ပွဲရခဲ့သလို အာဆင်နယ်ကလည်း အိမ်ကွင်းမှာနိုင်ပွဲပြန်ရခဲ့ပေမယ့် အခုကစားမယ့်ဝင်ဘလေကွင်းမှာတော့ ချယ်လ်ဆီးကသာ နိုင်ပွဲရဗိုလ်စွဲသွားနိုင်ဖို့ရှိနေပါတယ်။




**အက်ဖ်အေဖလားဗိုလ်လုပွဲ**

စနေနေ့ (၂၇-၅-၁၇)

| | | | |
|---|---|---|---|
| ည ၁၁း၀၀ | အာဆင်နယ် | ☐ - ☐ | ချယ်လ်ဆီး |

**ပြင်သစ်ဖလားဗိုလ်လုပွဲ**

စနေနေ့ (၂၇-၅-၁၇)

| | | | |
|---|---|---|---|
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | အန်ဂျာစ် | ☐ - ☐ | ပီအက်စ်ဂျီ |

**ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲ**

စနေနေ့ (၂၇-၅-၁၇)

| | | | |
|---|---|---|---|
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ဖရန့်ဖွတ် | ☐ - ☐ | ဒေါ့မွန် |

**စပိန်ဘုရင့်ဖလားဗိုလ်လုပွဲ**

စနေနေ့ (၂၇-၅-၁၇)

| | | | |
|---|---|---|---|
| နံနက် ၂း၀၀ (တနင်္ဂနွေနံနက်) | ဘာစီလိုနာ | ☐ - ☐ | အလာဗက်စ် |

# ထူးခြားချက်တွေနဲ့ ပြည့်နှက်ပြီး အဆုံးသတ်ခဲ့တဲ့ ပရီမီယာလိဂ်မြင်ကွင်း

**အောင်က**






ပရီမီယာလိဂ်ဆုဖလားကို ချယ်လ်ဆီးအသင်းက ရရှိပြီး ရာသီက အဆုံးသတ်သွားခဲ့ပြီ။ တစ်ရာသီလုံးစိတ်လှုပ်ရှားစွာနဲ့ ကြည့်ခဲ့ရတဲ့ပြိုင်ပွဲတွေလည်း ပြီးဆုံးသွားခဲ့ပြီလို့ ပြောရမယ်။ ဒါကြောင့် ပြီးဆုံးသွားခဲ့တဲ့ ပရီမီယာလိဂ်နဲ့အတူ ထူးခြားမှုတွေရှိခဲ့တဲ့ ပရီမီယာလိဂ် မြင်ကွင်းတွေကို တင်ပြလိုက်ပါတယ်။

## ၇၅ မှတ်ရပေမယ့် အဆင့် ၅ နဲ့ ကျေနပ်ရတဲ့ အာဆင်နယ်

ဒီနှစ်ရာသီဟာ ပရီမီယာလိဂ်ဟာ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ထိပ်ဆုံး လေးသင်းဝင်ရောက်ရေးအတွက် အကြိတ်အနယ်ရှိခဲ့တယ်ဆိုတာကတော့ အသေအချာလို့ ပြောရမှာပါ။ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်မှာတော့ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေးအတွက် အပြင်းအထန် ကြိုးစားကြတဲ့အသင်းက ခုနစ်သင်းလို့ ပြောရမယ်။ ဒါပေမယ့်အဲဗာတန်က အဆင့် ခုနစ်နေရာမှာ ရပ်တည်ခဲ့ရပြီး မန်ယူအသင်းကတော့ အဆင့် ၆ နေရာမှာ ရှိခဲ့တယ်။ နောက်ဆုံးပြိုင်ပွဲအထိ မန်စီးတီး၊လီဗာပူး၊အာဆင်နယ်တို့ဟာ ထိပ်ဆုံးလေးသင်းဝင်ရေးအတွက် အပြင်းအထန်ကြိုးစားခဲ့ရတယ်။ ဒါပေမယ့် အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲခဲ့ရတယ်။ ပြီးခဲ့တဲ့ရာသီက အာဆင်နယ်အသင်းဟာ ၇၁ မှတ်သာ ရရှိခဲ့ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့ပေမယ့် ဒီနှစ်ရာသီမှာ ၇၅ မှတ်ရရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲခဲ့ရပြီဖြစ်တယ်။

## မန်ယူရဲ့မတူညီတဲ့ ၁၀၀မြောက်ကစားသမား ဂိုးသွင်းယူသူဖြစ်တဲ့ ဟတ်ရှော့ပ်

ပရီမီယာစတင်အမည်သတ်မှတ်ခဲ့ပြီးတဲ့ နောက်မှာ မန်ယူအသင်းဟာ ထိပ်ဆုံးအဆင့်မှာ ကစားနိုင်ခဲ့တဲ့ အသင်းခြောက်သင်းထဲမှာ တစ်သင်းအပါအဝင် ဖြစ်ခဲ့ပါတယ်။ ဆုဖလားပေါင်း ၁၃ ကြိမ် ရရှိခဲ့ပြီး အောင်မြင်မှုစံချိန်တင်ထားတဲ့ အသင်းဖြစ်တယ်။ ဒါအပြင် စံချိန်တင် ဂိုးအများဆုံးသွင်းယူထားတဲ့အသင်းလည်း ဖြစ်တယ်။ စုစုပေါင်းစံချိန်တင် သွင်းယူထားတဲ့ဂိုးကတော့ ၁၈၅၆ ဂိုး ဖြစ်တယ်။ မန်ယူအသင်းမန်နေဂျာမော်ရင်ညိုဟာ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ခရစ္စတဲလ်ပဲလေ့စ်အသင်းနဲ့ပွဲမှာ ကစားသမားသစ်တွေထည့်သုံးခဲ့တယ်။ အဲ့ဒီပွဲမှာ မန်ယူအသင်းရဲ့လူငယ်ကစားသမား ဟက်ရှော့ပ်က အသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့တယ်။ အဲ့ဒီသွင်းဂိုးကြောင့် ဟတ်ရှော့ပ်ဟာ မန်ယူအသင်းရဲ့ မတူညီတဲ့ ၁၀၀မြောက် ကစားသမား ဂိုးသွင်းယူသူဖြစ်လာခဲ့တယ်။

## ဂျိန်းစ်မီလ်နာဂိုးသွင်းတိုင်းရှုံးပွဲမရှိ

လီဗာပူးအသင်းဟာ ၂၀၁၅ခုနှစ် နွေရာသီမှာ ဂျိန်းစ်မီလ်နာကို အလွတ်နဲ့ ခေါ်ယူနိုင်ခဲ့တယ်။ ဒါဟာလီဗာပူးအတွက်တော့ အချောင်ရလိုက်တာလည်း ဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ်အတွေ့အကြုံရင့်ကျက်ပြီး ကောင်းမွန်တဲ့ အဆင့်မှာကစားနိုင်သေးတဲ့ကစားသမားတစ်ဦးလည်း ဖြစ်တယ်။ မီလ်နာဟာ စွယ်စုံရပြီး မမောတမ်းပြေးနိုင်တာကြောင့် လီဗာပူးအသင်းရဲ့ နောက်တန်းခံစစ်အတွက်တော့ အကောင်းဆုံးကစားသမားအဖြစ်ရှိခဲ့တယ်။ ဒ့ါအပြင် လိုအပ်တဲ့အခါတိုင်းမှာလည်း တိုက်စစ်အတွက် အားဖြည့်ပေးနိုင်ခဲ့တယ်။ ဒ့ါအပြင် သူဂိုးသွင်းတဲ့ပွဲတိုင်းမှာ မရှုံးနိမ့်တဲ့ စံချိန်ကိုလည်း လီဗာပူးမှာ ဆက်လက်ထိန်းထားနိုင်ခဲ့တယ်။ မီလ်နာဟာ ပရီမီယာလိဂ်အသင်းတွေနဲ့အတူ ၄၈ ဂိုးအထိသွင်းယူပေးထားခဲ့ပြီး သူဂိုးသွင်းတဲ့ပွဲတိုင်းမှာ ရှုံးနိမ့်မှုလုံးဝမရှိခဲ့ဘူး။ သူဂိုးသွင်းခဲ့တဲ့ ၄၈ ပွဲမှာ အနိုင်၃၇ ပွဲ ရှိပြီး သရေ ၁၀နဲ့အရှုံး လုံးဝမရှိခဲ့ပါဘူး။

## ပရီမီယာလိဂ်တွင် မိနစ်တိုင်း ပါဝင်ကစားခဲ့သူအက်စပီလီကျူတာ

ပရီမီယာလိဂ်ဟာ ဥရောပလိဂ်တွေထဲမှာတော့ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးအသင်းဖြစ်တယ်။ ပြည်တွင်းပြိုင်ပွဲက သုံးခုရှိပြီး ဆောင်းရာသီအားလပ်ရပ်လည်းမရှိတာကြောင့် အဓိကကစားသမားတွေကို တစ်ခါတစ်ရံ အလှည့်ကျသုံးရတာတွေရှိခဲ့တယ်။ များသော အားဖြင့် ဂိုးသမားတွေသာပွဲတိုင်း ပါဝင်ကစားရတာရှိတယ်။ ဒါပေမယ့်ဒီနှစ်ရာသီမှာတော့ ချယ်လ်ဆီးအသင်းခံစစ်မှူး အက်စပီလီကျူတာဟာ အသင်းနဲ့အတူ ပရီမီယာလိဂ်မှာတော့ မိနစ်တိုင်းပါ ဝင်ကစားခဲ့သူဖြစ်ခဲ့တယ်။ ယခင်က သူလို ပရီမီယာလိဂ်မှာ မိနစ်တိုင်း ပါဝင်ကစားခဲ့သူတွေကတော့ မန်ယူကစားသမားဟောင်း ပေါလ်လစ်စတာ၊ ချယ်လ်ဆီးကပ္ပတိန်တယ်ရီနဲ့ လက်စတာကစားသမားမော်ဂန်တို့ ဖြစ်ပါတယ်။

## ဂွာဒီယိုလာရဲ့ဖလားလက်မဲ့ရာသီ

ဂွာဒီယိုလာဟာ ဘာစီလိုနာအသင်းကို စတင်ကိုင်တွယ်ခဲ့စဉ်ကတည်းက ဆုဖလားတွေကို ရယူနိုင်ခဲ့တယ်။ ဖလားလက်မဲ့ဆိုတာဟာ မရှိခဲ့ဘူး။ ဘာစီလိုနာကနေ ဘိုင်ယန်မြူးနစ်ပြောင်းရွှေ့တဲ့အထိ အနည်းဆုံးတော့ ဆုဖလားတစ်လုံးတော့အနည်းဆုံးရခဲ့တယ်။ လာလီဂါ၊ စပိန်ဘုရင့်ဖလား၊ ချန်ပီယံလိဂ်၊ ဘွန်ဒက်စ်လီဂါဆုဖလား၊ ဂျာမန်ပိုကယ်ဖလားတွေက သူရယူခဲ့တဲ့ဆုဖလားတွေဖြစ်တယ်။ သူဟာ မန်စီးတီးအသင်းကို စတင်ကိုင်တွယ်ချိန်မှာတော့ ပြောင်းလဲမှုတွေနဲ့အတူ ပထမ ၁၀ ပတ်အတွင်း အကောင်းဆုံး အောင်ပွဲတွေရခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ အောင်မြင်မှုတွေနဲ့ ဝေးကွာခဲ့ရတယ်။ ချန်ပီယံလိဂ်မှာ မိုနာကိုအသင်းကိုရှုံး နိမ့်ခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှာ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့တယ်။ ဒါကြောင့် အခုတော့ ဂွာဒီယိုလာဟာ ပထမဦးဆုံး ဖလားလက်မဲ့ရာသီအဖြစ် ရင်ဆိုင်ခဲ့ရပြီး ပရီမီယာလိဂ်မှာအဆင့် ၃ နေရာမှာ ရပ်တည်ခဲ့ရတယ်။

## အိမ်ကွင်းအကောင်းဆုံးစံချိန်တင်တဲ့ မန်ယူ

မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာ ၂၅ ပွဲရှုံးပွဲမရှိရပ်တည်နိုင်ခဲ့တယ်။ ဒါပေမယ့် အနိုင် ၁၃ ပွဲနဲ့ သရေ ၁၂ ပွဲက တော့ အဆိုးရွားဆုံးအရှုံးမရှိစံချိန်လို့လည်း ပြောရမယ်။ ဒါကြောင့်လည်း မန်ယူအသင်းဟာ ရာသီကုန်ဆုံးချိန်မှာ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာတော့ အဆင့် ၆ နေရာမှာ ရပ်တည်ခဲ့ရတယ်။ မန်ယူအသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ၁၀ ပွဲအထိသရေကျခဲ့တယ်။ ဒါဟာ ပရီမီယာလိဂ် အသင်းတွေထဲမှာတော့ စံချိန်တင် အိမ်ကွင်းသရေကျတဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့တယ်။

## နှစ်ကျော့လုံး ပရီမီယာလိဂ် ၁၂သင်းကို နိုင်ခဲ့တဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းရဲ့ဒီနှစ်ရလဒ်တွေကို ကြည့်မယ်ဆိုရင် ပရီမီယာလိဂ် ဆုဖလားရရှိဖို့အတွက် ထိုက်တန်လွန်းတယ်လို့ ပြောရမှာပါ။ရာသီအစပိုင်းမှာ ချယ်လ်ဆီးအသင်းဟာ လီဗာပူး၊ အာဆင်နယ်အသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း အဆင့် ၈ နေရာအထိ လျော့ကျခဲ့တယ်။ ဒါပေမယ့် ၃-၄-၃ ကစားကွက်ပြောင်းရွှေ့ အသုံးပြုခဲ့ပြီးတဲ့နောက်မှာတော့ နိုင်ပွဲတွေပြန်ရခဲ့တယ်။

ရလဒ်တွေကလည်း အံ့မခန်းကောင်းလာခဲ့တယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းရဲ့ တစ်ရာသီလုံးပွဲတွေကို ကြည့်မယ်ဆိုရင် ပရီမီယာလိဂ်ပြိုင်ဘက် ၁၉ သင်းထဲမှာ ချယ်လ်ဆီးအသင်းဟာ ၁၂ သင်းကို နှစ်ကျော့စလုံး အနိုင်ကစားထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေဟာ ချယ်လ်ဆီးအသင်းအတွက်တော့ အောင်မြင်မှုနဲ့ အတူ စံချိန်တင် ရလဒ်ကောင်းတွေလို့ ပြောရမှာဖြစ်ပါတယ်။

**မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာ ၂၅ ပွဲရှုံးပွဲ မရှိရပ်တည်နိုင်ခဲ့တယ်။ ဒါပေမယ့် အနိုင် ၁၃ ပွဲနဲ့ သရေ ၁၂ ပွဲကတော့ အဆိုးရွားဆုံးအရှုံးမရှိစံချိန်လို့လည်း ပြောရမယ်။ ဒါကြောင့်လည်း မန်ယူအသင်းဟာ ရာသီကုန်ဆုံးချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယားမှာတော့ အဆင့် ၆ နေရာမှာ ရပ်တည်ခဲ့ရတယ်။ မန်ယူအသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ၁၀ ပွဲအထိသရေကျခဲ့တယ်။ ဒါဟာ ပရီမီယာလိဂ်အသင်းတွေထဲမှာတော့ စံချိန်တင် အိမ်ကွင်းသရေကျတဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့တယ်။**

SERIE A

**စီးရီးအေပွဲစဉ်(၃၈)**

| | | | |
|---|---|---|---|
| **စနေနေ့ (၂၇-၅-၁၇)** | | | |
| ည ၁၀း၃၀ | အတ္တလန္တာ | - | ချီယေဗို |
| ည ၁၀း၃၀ | ဘိုလော့ဂ်နာ | - | ဂျူဗင်တပ်စ် |
| **တနင်္ဂနွေနေ့ (၂၈-၅-၁၇)** | | | |
| ည ၇း၃၀ | ကယ်ဂလီယာရီ | - | အေစီမီလန် |
| ည ၁၀း၃၀ | ရိုးမား | - | ဂျီနိုအာ |
| ည ၁၀း၃၀ | ဆမ့်ဒိုရီးယား | - | နာပိုလီ |
| နံနက် ၁း၁၅ | ပါလာမို | - | အမ်ပိုလီ |
| နံနက် ၁း၁၅ | ခရိုတိုနီ | - | လာဇီယို |
| နံနက် ၁း၁၅ | ဖီအိုရင်တီးနား | - | ပက်စ်ကာရာ |
| နံနက် ၁း၁၅ | တိုရီနို | - | ဆက်ဆူအိုလို |
| နံနက် ၁း၁၅ | အင်တာမီလန် | - | အူဒီးနိစ် |

# သုတေသနအခြေပြုတက္ကသိုလ်အဖြစ်သို့

၂၀၁၆ ခုနှစ်လောက်က ကျွန်တော်အပါအဝင် ပါမောက္ခချုပ်အချို့ သုတေသနအခြေပြုတက္ကသိုလ် ဖြစ်မြောက်ရေး လိုအပ်ချက်များကို ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် သွားရောက်ဆွေးနွေးခဲ့ပါသည်။ ပြောင်းလဲလာသည့် အဆင့်မြင့် ပညာရေးစနစ်သစ်နှင့်အညီ တက္ကသိုလ်များမှ နိုင်ငံတော်၏လိုအပ်ချက်အလိုက် ပညာရှင်ဘွဲ့ရများကို မွေးထုတ်ပေးရုံတင်မဟုတ်ဘဲ ဆက်စပ်နေသည့် ဘာသာရပ်များမှ လိုအပ်သည့် အသုံးချသုတေသနများ(Applied Research)၊ အခက်အခဲများ ပြဿနာများကိုအခြေခံသော သုတေသနများ(Problem-based Research) (ဥပမာ- စိုက်ပျိုးရေးပညာပိုင်းတွင် တောင်သူများကြုံတွေ့နေသော အခက်အခဲများကို ဦးတည်၍ သုတေသနများ ပြုလုပ်ခြင်း) ကို ဆောင်ရွက်ရပါမည်။

ဘွဲ့ကြိုနှင့် ဘွဲ့လွန် သုတေသနများတွင် အတွေ့အကြုံရှိနေသော ကျောင်းသားကျောင်းသူများ၏ ဘွဲ့လွန်(မဟာသိပ္ပံ၊ ပါရဂူ)သုတေသနက ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါလိမ့်မည်။ အချို့တက္ကသိုလ်များ (ဥပမာ-ထိုင်းနိုင်ငံရှိ Asian Institute of Technology -AIT၊ အိန္ဒိယနိုင်ငံရှိ အိန္ဒိယစိုက်ပျိုးရေး သုတေသနတက္ကသိုလ် Indian Agricultural Research Institute-IARI)တို့တွင် ဘွဲ့လွန်သင်တန်းများသာ လက်ခံသင်ကြားပေးပါသည်။ သူတို့၏ရည်ရွယ်ချက်မှာ သုတေသနကိုအခြေခံသော အဆင့်မြင့်ပညာ သင်ကြားပေးရန်အတွက်ဟူ၍ ဆိုလိုပါသည်။ အဆင့်မြင့်ပညာသင် တက္ကသိုလ်များတွင်လည်း တိုင်းပြည်၏လိုအပ်ချက်(Country Needs)၊ သင်ယူရသောပညာများမှ အလုပ်အကိုင်ရရှိမှု(Job Opportunity)၊ တစ်ချို့နိုင်ငံများတွင် ဈေးကွက်သဘောအရ ဘွဲ့ကြို၊ ဘွဲ့လွန်ပညာများ သင်ကြားပေးခြင်းဖြင့် နိုင်ငံခြားမှ ကျောင်းသားကျောင်းသူများ လာရောက်ကာ ကျောင်းလခ၊ နေထိုင်စရိတ်၊ စားစရိတ်တို့ ရရှိခြင်းဖြင့် တိုင်းပြည်အတွက် ဝင်ငွေများစွာရရှိခြင်း(Income Generation)(ဥပမာ- မြန်မာနိုင်ငံတက္ကသိုလ်များတွင် မြန်မာစာကို နိုင်ငံခြားသားများအား သင်ပေးခြင်းဖြင့် ဝင်ငွေရရှိခြင်း) စသည်တို့ ဖြစ်ပါသည်။

## ပါမောက္ခဒေါက်တာမျိုးကြွယ်(AUAA)

တချို့သောတက္ကသိုလ်များသည် ဘာသာရပ်ပေါင်းစုံကို လေ့လာသင်ကြား သုတေသနပြုနေသော တက္ကသိုလ်များ (Comprehensive Universities)ဖြစ်သဖြင့် ဘာသာရပ်တစ်ခုတည်းကို ဦးတည်သင်ကြား သုတေသနပြုနေသော တက္ကသိုလ်များထက် ဘာသာရပ်ပေါင်းစုံ စုပေါင်း သုတေသနပြုလုပ်ရ၍ ဘာသာရပ်ပေါင်းစုံ ချဲ့ထွင်နိုင်မှု အခွင့်အလမ်း (Integrated research and Interdisciplinary approach) ပိုများပါသည်။ တက္ကသိုလ်တော်တော်များများတွင် ဘွဲ့ကြိုသင်တန်းများထက် ဘွဲ့လွန်(မဟာ၊ ပါရဂူ) သင်တန်းများကို ဦးစားပေး သင်ကြားပို့ချလျက်ရှိနေပါသည်။

**တက္ကသိုလ်များရှိ စုစုပေါင်းကျောင်းသားအရေအတွက်နှင့် ဘွဲ့လွန်ကျောင်းသား အချိုး**

| တက္ကသိုလ်များ | ကျောင်းသားအရေအတွက် (၂၀၁၅) | | |
|---|---|---|---|
| | စုစုပေါင်း | ဘွဲ့လွန် | အချိုး |
| ဟားဗတ်တက္ကသိုလ်၊ အမေရိက | ၁၅၂၅၀ | ၆၇၀၀ | ၀.၄၃ |
| ကွင်းစလန်တက္ကသိုလ်၊ ဩစတေးလျ | ၅၁၀၇၀ | ၁၄၇၄၈ | ၀.၂၉ |
| ပန်ဂျပ်စိုက်ပျိုးရေးတက္ကသိုလ်၊ အိန္ဒိယ | ၃၈၈၂ | ၁၇၄၀ | ၀.၄၅ |
| ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မြန်မာ | ၂၆၇၄ | ၁၈၀ | ၀.၀၇ |

**ကွင်းစလန်တက္ကသိုလ်**

ဩစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်(University of Queensland)တွင် နယ်မြေ(Campus) သုံးခုရှိပါသည်။ မဟာဌာန(Faculties) ခြောက်ခုမှာ စီးပွားရေး (Economics)၊ အင်ဂျင်နီယာ(Engineering)၊ ကျန်းမာရေး (Health)၊ လူမှုဗေဒနှင့် လူမှုရေးသိပ္ပံ (Sociology and Social Science)၊ ဆေးပညာ(Medicine)၊ စိုက်ပျိုးရေးနှင့် သိပ္ပံ(Agriculture and Science)တို့ ဖြစ်ပါသည်။

တက္ကသိုလ်အောက်တွင်တွဲဖက်ထားသော သုတေသနဌာန(Institutes) ရှစ်ခုမှာ ဩစတြေးလျ ဇီဝအင်ဂျင်နီယာနှင့် နာနိုနည်းပညာ (Australian Institute for Bioengineering and Nanotechnology)၊ ကမ္ဘာလုံးဆိုင်ရာ လေ့လာရေးပညာ(Global Change Institute)၊ မော်လီကျူး ဇီဝသိပ္ပံပညာ(Institute of Molecular Bioscience)၊ လူမှုရေးသိပ္ပံ(Institute of Social Science Research)၊ ကွင်းစလန် စိုက်ပျိုးရေးနှင့် စားသောက်ကုန် နည်းပညာ (Queensland Alliance for Agriculture and Food Innovation)၊ ကွင်းစလန် ဦးနှောက်ပိုင်းဆိုင်ရာလေ့လာရေး (Queensland Brain Institute)၊ သယံဇာတဆိုင်ရာ လေ့လာရေးပညာ(Sustainable Mineral Institute) တို့ ဖြစ်ပါသည်။

**တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်**

တိုကျိုစိုက်ပျိုးရေးတက္ကသိုလ် (Tokyo University of Agriculture)တွင် နယ်မြေသုံးခု ရှိပါသည်။ မဟာဌာန ခြောက်ခုမှာ စိုက်ပျိုးရေး(Agriculture)၊ အသုံးချဇီဝသိပ္ပံ ပညာ(Applied Biological Science)၊ ပတ်ဝန်းကျင် သိပ္ပံပညာ(Environmental Science)၊ နိုင်ငံတကာ စိုက်ပျိုးရေးနှင့် အစားအသောက်ဆိုင်ရာပညာ (International Agriculture and Food Studies)၊ ဇီဝထုတ်ကုန် ပညာ(Bioindustry)တို့ ဖြစ်ကြသည်။ ဘွဲ့လွန်များကို ကြီးကြပ်ပေးသောဌာန/သင်တန်းကျောင်း (Graduate School) ရှိပါသည်။

သုတေသနဌာန(Institute/Center)များမှာ နိုဒိုင်း သုတေသနဌာန(NODAI Research Institute)၊ စိုက်ပျိုးရေးသုတေသနဌာန(Agricultural Research Institute)၊ အသုံးချဇီဝသိပ္ပံ သုတေသနဌာန (Institute of Applied Bioscience)၊ ဒေသဆိုင်ရာ ပတ်ဝန်းကျင်သုတေသနဌာန (Institute of Regional Environment)၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် အစားအသောက်သုတေသနဌာန (International Agriculture and Food Research Institute)၊ ဇီဝအရင်းအမြစ် သုတေသနဌာန(Bio resources Institute)၊ ဂျီနိုမ်းလေ့လာခြင်းဌာန (Genome Analysis Center)၊ အဆင့်မြင့်နည်းပညာ သုတေသနဌာန(Hi-tech Research Center)၊ ပြန်လည်သုံးစွဲခြင်း သုတေသနစင်တာ (Recycle Research Center)၊ လူမှုရေးသုတေသန တိုးတက်ဖွံ့ဖြိုးရေးစင်တာ (Social Research Promotion Center)နှင့် စိုက်ပျိုးရေးကောလိပ်နှင့်ကျောင်းများ လေ့လာရေးကော်ပိုရေးရှင်း(Tokyo University of Agriculture Educational Corporation) တို့ ရှိပါသည်။

**ဖိလစ်ပိုင်တက္ကသိုလ်**

ဖိလစ်ပိုင်တက္ကသိုလ် (University of Philippines Los-Banos-UPLB)တွင် စိုက်ပျိုးရေးကောလိပ်(College of Agriculture)၊ ဝိဇ္ဇာသိပ္ပံကောလိပ်(College of Arts and Sciences)၊ ဖွံ့ဖြိုးမှုဆက်သွယ်ရေးဆိုင်ရာ ကောလိပ် (College of Development Communication)၊ အင်ဂျင်နီယာနှင့် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်း ကောလိပ်(College of Engineering and Agro-Industrial Technology)၊ သစ်တောနှင့် သဘာဝသယံဇာတ ကောလိပ်(College of Forestry and Natural Resources)၊ လူမှုရေးရာ ကောလိပ်(College of Human Ecology)၊ လူထုဆက်ဆံရေးပညာကောလိပ်(College of Public Affairs)၊ မွေးမြူကုသရေးဆိုင်ရာ ဆေးပညာကောလိပ်(College of Veterinary Medicine)နှင့် ပတ်ဝန်းကျင်သိပ္ပံနှင့် အုပ်ချုပ်မှုနည်းပညာ သင်တန်းကျောင်း(School of Environmental Sciences and Management)တို့ ရှိပါသည်။ ဘွဲ့လွန် ကျောင်းသားကျောင်းသူကိစ္စများ သီးသန့် ဆောင်ရွက်ပေးသော ဘွဲ့လွန်သင်တန်းကျောင်း (Graduate School)လည်း ရှိပါသည်။

သုတေသနဌာန (Research/Institute) များမှာ လယ်ယာမွေးမြူလုပ်ငန်းနှင့် မြေဆီလွှာ သုတေသနဌာန (Farming Systems and Soil Resources Institute)၊ မွေးမြူရေးသိပ္ပံ သုတေသနဌာန (Institute of Animal Science)၊ အပင်မွေးမြူရေး သုတေသနဌာန(Institute of Plant Breeding)၊ အမျိုးသား သီးနှံကာကွယ်ရေးဌာန (National Crop Protection Center)၊ အစားအသောက်သိပ္ပံနှင့် နည်းပညာ သုတေသနဌာန(Institute of Food Science and Technology)နှင့် အမျိုးသားအဆင့် မော်လီကျူးဆိုင်ရာ ဇီဝဗေဒနှင့် ဇီဝနည်းပညာ သုတေသနဌာန(National Institute of Molecular Biology and Biotechnology)တို့ ဖြစ်ကြပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် နယ်မြေနှစ်ခု ရှိပါသည်။ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားကျောင်းသူ ၂၆၇၄ ဦး ရှိပြီး ဆရာ ဆရာမ ၂၀၉ ဦး ရှိပါသည်။ ဘွဲ့လွန်သင်တန်းကျောင်း (Graduate School)မရှိသေးဘဲ ဘွဲ့လွန်ကြီးကြပ်ရေးမှူး (Post-graduate Coordinator)နှင့် မော်ကွန်းထိန်း (ကျောင်းသားရေးရာ၊ စာမေးပွဲ)တို့က ဘွဲ့လွန် ကျောင်းသားကျောင်းသူများ ကျောင်းအပ်ခြင်း၊ ဘာသာရပ်ရွေးချယ် အကြံပေးခြင်း၊ အမှတ်စာရင်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘွဲ့အပ်နှင်းခြင်းတို့ကို ပူးတွဲလုပ်ဆောင်ပါသည်။

သုတေသနဌာနအနေဖြင့် အဆင့်မြင့် စိုက်ပျိုးရေး သုတေသနနှင့် ပညာပေးရေးဌာန (Advanced Centre for Agricultural Research and Education-ACARE) မှ အဆင့်မြင့်ဗီဇပညာဌာနခွဲ (Division of Advanced Genetics)၊ ရိတ်သိမ်းချိန်လွန် နည်းပညာဌာနခွဲ(Division of Post-harvest Technology)နှင့် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတ စီမံခန့်ခွဲရေးဌာနခွဲ(Division of Agricultural Knowledge Management)တို့ ဖွဲ့စည်းပုံကျပြီးဖြစ်၍ တက္ကသိုလ်တွင် သီးသန့်လုပ်ဆောင်မည့် သုတေသနပညာရှင် (University Research Staff)များ မကြာမီ ခန့်အပ်၍ သုတေသနများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။




ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာပေးရေးဌာန

# တပ်ကုန်းမြို့နယ်၌ တောင်သူများအား စိုက်စရိတ်ချေးငွေ စတင်ထုတ်ပေး

# တစ်မြို့နယ်လုံးအတွက် ကျပ်သိန်း ၇၀၀၀၀ ကျော် ထုတ်ချေးပေးရန်လျာထား

**နေပြည်တော် မေ ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ တောင်သူများ မျှော်လင့်နေသည့် ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မေ ၂၃ ရက်တွင် စတင်ထုတ်ချေးပေးပြီး တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ကျပ်သိန်းပေါင်း ၇၀၀၀၀ ကျော် ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

ချေးငွေများကို တပ်ကုန်းမြို့ပေါ်ရပ်ကွက်များ အပါအဝင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ တောင်သူများထံ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ကျေးရွာအုပ်စုအလိုက် အဓိကသီးနှံဖြစ်သည့် စပါးနှင့် အခြားမိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် ထုတ်ချေးပေးခြင်းဖြစ်သည်။

တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းဌေးဦးက "ကျွန်တော်တို့ တပ်ကုန်းမြို့နယ်အနေနဲ့ မေ ၂၃ ရက်ကစပြီး တောင်သူတွေကို မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတွေ စတင်ထုတ်ပေးတယ်။ ဒီနေ့မှာတော့ တပ်ကုန်းမြို့ပေါ်ရပ်ကွက်ဖြစ်တဲ့ ဘုရင့်နောင်ရပ်ကွက်က တောင်သူလယ်သမား ၁၇၀ ကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၂၀၀ ကျော်ကို ထုတ်ချေးပေးပါတယ်။ ကျန်တဲ့ကျေးရွာအုပ်စုက တောင်သူတွေကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမှာပါ။ ပြီးခဲ့တဲ့နှစ်က တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ သိန်းပေါင်း ၆၀၀၀၀ ကျော် ထုတ်ချေးခဲ့ရာမှ ယခုနှစ်မှာတော့ သိန်းပေါင်း ၇၀၀၀၀ ကျော်အထိ တိုးမြှင့်ချေးပေးဖို့ လျာထားပါတယ်။ ဒီလိုတိုးမြှင့်ပေးလိုက်တဲ့အတွက် တောင်သူတွေအတွက် စိတ်ဝင်စားစရာတစ်ခုဖြစ်ပါတယ်"ဟု ပြောသည်။

ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးရာတွင် ယခင်နှစ်ကထက် ပိုမိုကာ တိုးမြှင့်ထုတ်ပေးလိုက်ခြင်းဖြစ်ပြီး လယ်မြေပိုင်ဆိုင်မှုမရှိသည့် တောင်သူများအတွက် ဝမ်းသာစရာသတင်းကောင်းတစ်ခုလည်း ဖြစ်သည်။

"ဒီနှစ်ထူးခြားမှုအနေနဲ့ ယာသီးနှံ တစ်ဧက ငါးသောင်းနှုန်းနဲ့ ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ ယာသီးနှံစိုက်ပျိုးမယ့်သူတွေကို ပြီးခဲ့တဲ့နှစ်က တစ်ဧက ငွေကျပ် ၂၀၀၀၀ နှုန်းနဲ့ ထုတ်ချေးပေးတယ်။ အခုနှစ်မှာတော့ ငါးသောင်းအထိ တိုးမြှင့်ထုတ်ချေးပေးမှာဖြစ်တဲ့တွက် တောင်သူတွေလည်း ပိုပြီး အဆင်ပြေမယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။




တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို လယ်တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ ယာတစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် မြို့နယ်များရှိ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ထုတ်ချေးပေးလျက်ရှိရာ ထုတ်ချေးပေးသည့်ကာလမှာ စက်တင်ဘာလကုန်အထိဖြစ်ပြီး အတိုးနှုန်းများမှာ ယခင်နှစ်များအတိုင်းသာဖြစ်ကြောင်း သိရသည်။

"အတိုးနှုန်းနဲ့ ပြန်လည်ပေးဆပ်ရမယ့် ကာလက ယခင်နှစ်တွေကအတိုင်း ပြောင်းလဲခြင်းမရှိပါဘူး။ အတိုးနှုန်းကတော့ အကြမ်းဖျင်း ငွေကျပ် ၁၀၀ ကို ၆၇ ပြားနှုန်းလို့ ပြောလို့ရပါတယ်။ ပြန်လည်ပေးဆပ်ရမယ့်ကာလတော့ တောင်သူတွေ မိုးစပါးသီးနှံပေါ်ချိန်မှာ ပြန်လည်ပေးဆပ်ဖို့ သတ်မှတ်ပေးထားပါတယ်။ တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးတဲ့ကာလကို ကျွန်တော်တို့မြို့နယ် အတိုင်းအတာအနေနဲ့ကတော့ ဒီနှစ် ရှစ်လပိုင်းကုန်လောက် အားလုံးအပြီးအစီး ထုတ်ချေးပေးနိုင်ဖို့ မျှော်မှန်းထားပါတယ်"ဟု မြို့နယ် ဘဏ်မန်နေဂျာက ဆိုသည်။

တောင်သူတစ်ဦးလည်းဖြစ် ဘုရင့်နောင်ရပ်ကွက်အုပ်ချုပ်ရေးမှ ဘဏ္ဍာရေးမှူးလည်းဖြစ်သူ ဦးစိုးနိုင်က "ကျွန်တော်တို့ ရပ်ကွက်တစ်ခုလုံး စုစုပေါင်း လယ်မြေ ၈၁၅ ဧက ရှိပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်က ဇွန်လမှာ ထုတ်ပေးတယ်။ ဒီနှစ်မှာ မေလမှာ စတင်ထုတ်ချေးပေးတော့ ပိုစောတဲ့အတွက် အဆင်ပြေပါတယ်။ မကြာသေးမီက မိုးတွေရွာသွန်းနေပြီဖြစ်လို့ တောင်သူတွေအနေနဲ့လည်း လုပ်ငန်းခွင်တွေ ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်တဲ့အတွက် နိုင်ငံတော်က အခုလို အချိန်စောစောလေး ထုတ်ချေးပေးနိုင်အောင် စီစဉ်ပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုထုတ်ချေးတဲ့ ချေးငွေတွေနဲ့ မျိုးစပါးတွေ ဝယ်တယ်။ နောက်ဆုံး စိုက်ပျိုးရိတ်သိမ်းပြီးတဲ့အချိန်အထိ အသုံးချပါတယ်"ဟု ပြောသည်။

နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ ရာသီအလိုက် စိုက်ပျိုးသီးနှံများကို အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးချိန်တွင်လိုအပ်သည့် အရင်းအနှီးကို အတိုးနှုန်း သက်သက်သာသာဖြင့် ရရှိစေရန်နှင့် လယ်ယာလုပ်ငန်းခွင်များတွင် စိုက်ပျိုးချိန်အမီ ထိထိရောက်ရောက် အသုံးချလုပ်ကိုင်နိုင်ရန် ရည်ရွယ်ပြီး စိုက်ပျိုးစရိတ်ချေးငွေများကို စောစီးစွာထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်လွင်(တပ်ကုန်း)**
**ဓာတ်ပုံ-မောင်မွေး**

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax)စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်း မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့်ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀% |
| ၄။ | မလေးရှား | ၆% |
| ၅။ | ဖိလစ်ပိုင် | ၁၂% |
| ၆။ | စင်ကာပူ | ၇% |
| ၇။ | ထိုင်း | ၇% |
| ၈။ | ဗီယက်နမ် | ၁၀% |

(ကမ္ဘာ့နိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့်ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇% |
| ၂။ | ပြင်သစ် | ၂၀% |
| ၃။ | ဂျာမနီ | ၁၉% |
| ၄။ | ဒိန်းမတ် | ၂၅% |
| ၅။ | အိန္ဒိယ | ၅-၁၅% |
| ၆။ | ဂျပန် | ၈% |
| ၇။ | နယူးဇီလန် | ၁၅% |
| ၈။ | နော်ဝေ | ၂၅% |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့် ဝန်ဆောင်မှုခွန်(Goods and Services Tax)ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅ ဒသမ ၅ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www. pwc.com နှင့် www.world wide-tax.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၃)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၃)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် (“က” အက္ခရာမှ အစဉ်လိုက်“န”အက္ခရာထိ) = ၂၀ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် အရန်ထီလက်မှတ် (“ကဒ” အက္ခရာမှ အစဉ်လိုက်“ကအ”အက္ခရာထိ) = ၁၆ လုံး

စုစုပေါင်းအက္ခရာ = ၃၆ လုံး

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၆)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၂၉၄၅၄၄၈)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၃၂၃၉၉၄၂၈) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၄၇၂၇ ဒသမ ၂၄)ဖြစ်ပါသည်။ ၆၀% ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၈၈၃၆ ဒသမ ၃၄၄)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**(က) အထူးဆုကြီးစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| (၃) ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |

**(ခ) ဆုတစ်ဆုချင်းစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်ရာ | = | (၃၇) ဆု |
| (၂) ကျပ်သိန်းငါးဆယ် | = | (၃၉) ဆု |
| (၃) ကျပ်ဆယ်သိန်း | = | (၄၁) ဆု |

**(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) ကျပ်တစ်သိန်း | = | (၂၉၀၀၀) ဆု |
| (၄) ကျပ်ငါးသောင်း | = | (၇၀၀၀၀) ဆု |
| စုစုပေါင်း | = | ၁၀၀၂၂၀ ဆု |

၅။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၆-၂၀၁၇ ရက်(ကြာသပတေးနေ့)နံနက်၈ နာရီအချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

---

**အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/4753 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**အမည်မှန်**

နမ့်ခမ်းမြို့၊ ပေါက်တင်မရပ်ကွက်နေ (ဘ)ဦးရှင်းကျုံး၏သမီး မဟူကိုရိန်း၏ အမည်မှန်မှာ မရွှေရည်မှုံဖြစ်ပြီး မဖူချိုက်၏အမည်မှန်မှာ နှင်းနှင်းလှိုင်ဖြစ်ပါကြောင်း။ **မရွှေရည်မှုံ၊ နှင်းနှင်းလှိုင်**

**အမည်မှန်**

နမ့်ခမ်းမြို့၊ ပေါက်တင်မရပ်ကွက်နေ (ဘ)ဦးလုကျော် ၁၃/နခန(နိုင်)၀၄၇၁၁၈၏သား မောင်သိန်းလွင်၏ အမည်မှန်မှာ မောင်ဆွေသိုက် ဖြစ်ပါကြောင်း။ **မောင်ဆွေသိုက်**

# ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

MYANMAR CONSTRUCTION
MCEA
ENTREPRENEURS ASSOCIATION

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA) နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ၂၀၁၇ ခုနှစ် မေ ၁၉ ရက်တွင် ရန်ကုန်မြို့ (MCEA)ရုံးချုပ်၌ အောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအခမ်းအနားကြီးသို့ ကြွရောက်၍ လမ်းညွှန်အမှာစကား ပြောကြားပေးပါသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအားလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဗိသုကာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြားအသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ သတင်းမီဒီယာအဖွဲ့များ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ကုမ္ပဏီအဖွဲ့အစည်းများအားလည်းကောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA)မှ အထူးပင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်**

- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(နေပြည်တော်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ကချင်ပြည်နယ်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ကယားပြည်နယ်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ပြည်နယ်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ချင်းပြည်နယ်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (စစ်ကိုင်းတိုင်းဒေသကြီး)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (တနင်္သာရီတိုင်းဒေသကြီး)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ပဲခူးတိုင်းဒေသကြီး)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(မကွေးတိုင်းဒေသကြီး)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(မွန်ပြည်နယ်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရခိုင်ပြည်နယ်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းပြည်နယ်)
- မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ဧရာဝတီတိုင်းဒေသကြီး)

# မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် သုံးသပ်ရှုမြင်မှုများ ဆွေးနွေး

စာမျက်နှာ - ၅



မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၁၈ ပညာသင်နှစ်အတွက် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး စတင်ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းတွင် ဆရာ၊ ဆရာမများက ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေး ဆောင်ရွက်ပေးနေစဉ် မင်းထက်အောင်(မန်းကိုယ်ပွား)

## စာပို့ခနှုန်းထားများ ပြောင်းလဲကောက်ခံသွားမည်

**နေပြည်တော် မေ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်နိုင်ရန်အတွက် အစဉ်တစိုက်ကြိုးပမ်း၍ ခေတ်မီနည်းစနစ်များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး လက်ရှိကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် စာပို့ခနှုန်းထားများအား ၂၀၁၇ ခုနှစ် မေလ ၂၅ ရက်မှ စတင်ပြောင်းလဲ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲကောက်ခံမည့် နှုန်းထားများမှာ ပြည်တွင်း ရိုးရိုးစာတစ်စောင်အတွက် အခြေခံစာပို့ခကို ယခင် ငွေကျပ် ၁၀၀ အစား ငွေကျပ် ၂၀၀၊ ပြည်တွင်း မှတ်ပုံတင်စာတစ်စောင်အတွက် အခြေခံစာပို့ခကို ယခင်ငွေကျပ် ၂၀၀ အစား ငွေကျပ် ၅၀၀၊ ပြည်ပ ရိုးရိုးစာတစ်စောင်အတွက် အခြေခံစာပို့ခကို ယခင်ငွေကျပ် ၅၀၀ အစား ငွေကျပ် ၁၀၀၀၊ ပြည်ပ မှတ်ပုံတင်စာတစ်စောင်အတွက် အခြေခံစာပို့ခကို ယခင်ငွေကျပ် ၁၂၀၀ အစား ငွေကျပ် ၂၅၀၀ သို့ ကောက်ခံသွားမည ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

**နေပြည်တော် မေ ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေသည်။ (မိုး/ဇလ)

## မန်ယူတို့ ယူရိုပါလိဂ်ဖလား ပထမဆုံးအကြိမ်ဆွတ်ခူး

**သီဟ**

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဖိုင်နယ်ပွဲကြီးကို မေ ၂၅ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် နယ်သာလန်ကလပ် အိုင်းယက်စ်နှင့် အင်္ဂလန်ကလပ် မန်ယူတို့ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ ဖရန့်အရီနာကွင်းကြီးတွင် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယူရိုပါလိဂ်ဖလားကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့သည်။

**နောက်ပြန်သွင်းယူ**

ယင်းပွဲတွင် အိုင်းယက်စ်သည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး နည်းပြ မော်ရင်ဟို၏ မန်ယူအသင်းသည် ၄-၁-၄-၁ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ မန်ယူအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ပေါ့ဂ်ဘာ ကန်သွင်းခဲ့ရာမှ အိုင်းယက်စ်ကစားသမား ဆန်ချက်ဇ်နှင့်ထိကာ လမ်းကြောင်းပြောင်း၍ ဂိုးဝင်ခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် စမောလင်း၏ ဖန်တီးမှုမှတစ်ဆင့် အမ်ခီတာရန်က နောက်ပြန်သွင်းယူခဲ့သည်။

ယနေ့ပွဲတွင် အိုင်းယက်စ်အသင်း၏ ပွဲထွက်လူစာရင်းမှာ ဥရောပဖိုင်နယ်ပွဲများ၌ အသက်ငယ်ဆုံး ပွဲထွက်လူစာရင်းအဖြစ် စံချိန်တင်ခဲ့သည်။ အိုင်းယက်စ်အသင်းမှာ ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့သော်လည်း မန်ယူနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ စာမျက်နှာ ၁၄ ကော်လံ ၁ ❍



ယူရိုပါလိဂ်ဖလားဆွတ်ခူးရရှိသည့် မန်ယူအသင်းသားများ နည်းပြ မော်ရင်ဟိုနှင့်အတူ အောင်ပွဲခံနေစဉ်

